သန်းအောင်ဖြည့်စာအုပ်တိုက်

mgyoe.com

SAMPLE BOOK

# ဗုဒ္ဓဘာသာ
# သံဃာ့ဂိုဏ်းကွဲများနှင့်
# ဂိုဏ်းကြီး ၉ ဂိုဏ်း

မာမကာ (သုတေသီ)

ဒုတိယအကြိမ်

mgyoe.com

# ပန်းရွှေပြည်ဘာသာရေးစာအုပ်များ























mgyoe.com

mgyoe.com SAMPLE BOOK

ဘာန်ဖိုး
၃၀၀၀ ကျပ်

အုပ်ရေ
၅၇၀ အုပ်

ဒုတိယအကြိမ်
၂၀၁၅ ခုနှစ် ဇန်နဝါရီလ

မျက်နှာဖုံး
ပန်းရွှေပြည်

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းထွန်း (၀၅၀၂၇)
သန်းထွန်းပုံနှိပ်တိုက်
အမှတ် ၁၀၁၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

# ဗုဒ္ဓဘာသာ
# သံဃာ့ဂိုဏ်းကွဲများနှင့်
# ဂိုဏ်းကြီး ၉ ဂိုဏ်း

မာဃက (သုတေသီ)

ဒုတိယအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK

# ပန်းရွှေပြည်ဘာသာရေးစာအုပ်များ

ဇိနတ္ထပကာသနီကျမ်း - ကျီးသဲလေးထပ်ဆရာတော်
ဇာတ်တော်ကြီး ၁၀ ဘွဲ့ပေါင်းချုပ် - ဦးသြဘာသ, ဦးနန္ဒမေဓာ, ဦးပညာတိက္ခ
မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး - ပထမငါးခုနှစ်ဆရာတော်နှင့် မြစ်ကွေးဆရာတော်
၅၅၀ ဇာတ်ဝတ္ထုများ - ၄၂ အုပ်တွဲ - မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်
တထာဂတဥဒါနဒီပနီ ၂ အုပ်တွဲ - ဒီပဲယင်းဆရာတော် သိရိသဒ္ဓမ္မာဘိလင်္ကာရ
မာလာလင်္ကာရ ဝတ္ထုတော်ကြီး - ဒုတိယ မဲထီးဆရာတော်
ဝံသဒီပနီ - ပထမ မဲထီးဆရာတော်
တထာဂတပွတ္တိကျမ်း - ဓမ္မနန္ဒအရှင်။ ပေမူမှ ပထမဆုံးပုံနှိပ်သော၊ လွန်ခဲ့သော နှစ်ပေါင်း ၃၂၅ နှစ် (ညောင်ရမ်းခေတ်)က ပြုစုသော ဗုဒ္ဓဝင်မူ

ဦးပုညဒါနခန်းဝတ္ထုများ
စာဏကျနီတိ, လောကနီတိ - ဦးခင်မောင်ကြီး ရန်ကုန်တက္ကသိုလ်
ကမ္ဘာပတ်၍ ဘုရားရှာခြင်း - ဦးစိန်ထွန်း (မာမက သုတေသီ)
မြောက်ဥက္ကလာပ ရွှေဥမင်ဆရာတော်ကြီး၏ သြဝါဒတရားတော်များ
ဗုဒ္ဓဘာသာသံဃာ့ဂိုဏ်းနှင့် ဂိုဏ်းကြီး ၉ ဂိုဏ်း - မာမက သုတေသီ
ဓမ္မပဒ အသုံးအမများ ပါဠိ-အင်္ဂလိပ်-မြန်မာ
ပန်းရွှေပြည် ပရိတ်ကြီး ၁၁ သုတ်
လူငယ်လူရွယ်တိုင်းအတွက် အခြေခံဗုဒ္ဓဘာသာ
ပန်းရွှေပြည် ဘုရားရှိခိုးပေါင်းချုပ် - ဦးခင်မောင်ကြီး ရန်ကုန်တက္ကသိုလ်
သာသနာတော် သန့်ရှင်းရေး အမိန့်ပြန်တမ်းများ - မာမက သုတေသီ
မြန်မာနိုင်ငံထေရဝါဒနှင့် ဗုဒ္ဓဘာသာ သမိုင်းမှတ်တမ်းများ - မာမက သုတေသီ
ပန်းရွှေပြည် ၁၀ စောင်တွဲ - ကျမ်းပြုဆရာတို့၏ အတ္ထုပ္ပတ္တိအကျဉ်းများနှင့် သန့်ရှင်းသပ်ရပ်ခဲ့ညားစွာဖြင့် မြန်မာတို့လက်စွဲ မြန်မာဘုတ်အုတ်ကို ဆန်းသစ်ထုတ်ဝေခြင်း။

mgyoe.com

mgyoe.com
SAMPLE BOOK

# မာတိကာ


* ဒုတိယအကြိမ်ရိုက် နိဒါန်း
၁။ နိဒါန်း
၂။ ပဏ္ဍာမနှင့် ပဋိညာဉ်
၃။ ဗုဒ္ဓဘာသာတို့၏ ကိုးကွယ်ရာရတနာ
၄။ သံဃာ့ဘောင်
၅။ အိန္ဒိယ သံဃာ့ဂိုဏ်း
၆။ သီဟိုဠ် သံဃာ့ဂိုဏ်း
၇။ မြန်မာနိုင်ငံ သံဃာ့ဂိုဏ်း
၈။ မင်းအဆက်ဆက်ကိုးကွယ်ခဲ့သော
သံဃာရာဇာဆရာတော်ကြီးများ
၉။ ဆရာတော်ဦးဗုဒ်
၁၀။ သုဓမ္မာဂိုဏ်း
၁၁။ ရတနာပုံခေတ် သာသနာရေး
၁၂။ ရွှေကျင်ဆရာတော်နှင့် ရွှေကျင်ဂိုဏ်း
၁၃။ အရှည်ဝါသီ ရွှေကျင်နိကာယ တောဂိုဏ်းအစနှင့်
ဘုန်းတော်ကြီး ဦးသီလ
၁၄။ ရွှေကျင်ဆရာတော်၏ ကြည်ညိုဖွယ်ရာဂုဏ်များ
၁၅။ ရွှေကျင်နိကာယဂိုဏ်း ဒုတိယသာသနာပိုင်အစဉ်အဆက်
၁၆။ ရွှေကျင်နိကာယ သာသနာပိုင်ဆရာတော်
၁၇။ ကမ္မဝါဒီ၊ ဒွါရဝါဒီကွဲခြင်း
၁၈။ ဒွါရဝါဒီအုဂ်ဖိုရ်ဆရာတော်နှင့် သာသနာတော်သန့်ရှင်းရေး
၁၉။ အနောက်ချောင်းဒွါရဂိုဏ်း ဖြစ်ပေါ်ခြင်း
၂၀။ မဟာဒွါရ၊ မူလဒွါရဂိုဏ်းကွဲ ဖြစ်ပေါ်ခြင်း
၂၁။ ဝေဠုဝန်နိယာကဂိုဏ်း
၂၂။ စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း
၂၃။ ဂဏဝိမုတ်ကူးတို့ဂိုဏ်း
၂၄။ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း
၂၅။ ဝိနည်းဟာရားနှင့် ဂိုဏ်းအပြား


mgyoe.com

mgyoe.com

# ဒုတိယအကြိမ်ရိုက် နိဒါန်း

'ဗုဒ္ဓဘာသာ သံဃာ့ဂိုဏ်းကွဲများနှင့် ဂိုဏ်းကြီး ၉ ဂိုဏ်း' စာအုပ်ပါအကြောင်းအရာများသည် စာစောင်အသီးသီးတွင် ဖော်ပြခဲ့ပြီးသော ဆောင်းပါးများကို စုပေါင်း၍ စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ဝေခဲ့ခြင်း ဖြစ်ပါသည်။ ပထမအကြိမ်အဖြစ် ၂၀၀၁ ခုနှစ်တွင် ကံကြီးမြင့်စာပေတိုက်မှ ရိုက်နှိပ်ဖြန့်ချိခဲ့ခြင်း ဖြစ်ပါသည်။ စာစောင်အသီးသီး၌ ဖော်ပြခဲ့သော ဆောင်းပါးများကို စုပေါင်း၍ ရိုက်နှိပ်ဖြန့်ချိခဲ့ခြင်း ဖြစ်သောကြောင့် စာအုပ်ပါအကြောင်းအရာများမှာ စာစောင်တွင် ဖော်ပြရသော ဆောင်းပါးများဖြစ်သည်နှင့်အညီ အကျယ်မရေးဘဲ လိုရင်းတိုရှင်းသဘောဖြင့် အကျဉ်းမျှဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ လိုရင်းတိုရင်း အကျဉ်းမျှရေးသားထားသည်ကို အားမလိုအားမရဖြစ်ကြသော စာဖတ်ပရိသတ်အချို့က 'အကျယ်အားဖြင့် ပြန်လည်ရေးသားပြီး ဆရာတော်များ၏ ဓာတ်ပုံများနှင့်တကွ ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ထုတ်ဝေရန်' အဖန်ဖန် တိုက်တွန်းပြောဆိုလာကြသည်။

၄င်းတို့၏ တိုက်တွန်းပြောကြားမှုကို 'ဟုတ်ကဲ့' ဟု နှုတ်ဖြင့် ဝန်ခံခဲ့သော်လည်း၊ အကျယ်အားဖြင့် ပြန်လည်ရေးသားရန် အချိန်မလောက်သဖြင့် လက်မရောက်ဘဲ ရှိနေခဲ့ရပါသည်။

ဤသို့ရှိနေစဉ် ပန်းရွှေပြည် စာအုပ်တိုက်က စာအုပ်ကိုပင် ကွန်ပျူတာအသစ်ပြန်လည်စီ၍ ထုတ်ဝေရန် ပေးခဲ့ရပါသည်။

ဤ ဒုတိယအကြိမ်ထုတ် စာအုပ်ကို အကျယ်ချဲ့၍ ပြန်လည်ရေးသားပေးနိုင်မှု မရှိသော်လည်း စာဖတ်သူများ ကြည်ညိုသဒ္ဓါပွားနိုင်ရန် လက်လှမ်းမီသမျှ ရရှိသော ဆရာတော်များ၏ပုံတော်များကို ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။

စာဖတ်သူများ
ဘေးရန်ကြောင့်ကြ ဆင်းရဲခြင်း ကင်းကြ၍
ချမ်းသာသောကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ ။

မာမက(သုတေသီ)

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ဂမ္ဘီရစာပေပညာရှင် ဆရာမကြီးတစ်ဦးက 'ကြည်ညိုဖွယ်ဂုဏ်ဆောင်တော်မူခဲ့ကြသော ရှေးဆရာတော်ကြီးအချို့၏ အတ္ထုပ္ပတ္တိကို ကြည်ညိုလိုသဖြင့် ရေးသားပြုစုပေးရန်' ပြောကြားခဲ့ပါသည်။

ရှေးဆရာတော်ကြီးများသည် သာသနာတော်အပေါ်၌ အလွန်ပင်သဒ္ဓါတရား ကြီးမားတော်မူကြသည်ကို တွေ့ရှိရသည်။ ဤသို့ သဒ္ဓါတရားကြီးမားသောကြောင့်လည်း ယင်းဆရာတော်တို့၏ သာသနာတော်အုတ်မြစ်ဖြစ်သော ပရိယတ္တိစာပေ နှံ့စပ်တတ်ကျွမ်းမှု အယူအဆကောင်းမှုများကို အံ့ဩလောက်အောင် တွေ့ရှိနေရခြင်း ဖြစ်သည်။

ထိုဆရာတော်များသည် သာသနာ့ဘောင်သို့ သဒ္ဓါရှေ့ဆောင်မှုဖြင့် ဝင်ရောက်တော်မူလာကြသကဲ့သို့ ပရိယတ္တိစာပေများကိုလည်း သဒ္ဓါရှေ့သွားဖြင့် သင်ကြားလေ့လာ ဆည်းပူးတော်မူခဲ့ကြသောကြောင့် ယခုခေတ်လူများ အံ့ဩရလောက်အောင် တတ်မြောက်တော်မူခဲ့ကြခြင်းဖြစ်ကြောင်း သိရှိနိုင်သည်။ တစ်ဖန် ထို စာပေနှံ့စပ်တတ်ကျွမ်းသော ဆရာတော်တို့၏ ဝိနည်းတရား လေးစားလိုက်နာမှုကို ကြည့်ရှုပြန်လျှင်လည်း အမြဲထာဝရ ဦးချဖွယ်ကောင်းလောက်အောင်, ရှိခိုးဦးခိုက် နေချင်လောက်အောင် ကြည်ညိုဖွယ်ဂုဏ်ဆောင်လျက် ရှိနေသည်ကို တွေ့ရှိရပြန်သည်။

ထို့ကြောင့် ထိုဆရာမကြီးက ကြည်ညိုချင်၍ ထိုဆရာတော်တို့၏ အတ္ထုပ္ပတ္တိများကို ရေးပေးရန် ပြောကြားခြင်းဖြစ်ကြောင်း သဘောပေါက်ရသည်။

mgyoe.com

သို့ရာတွင် ထိုကဲ့သို့ ဘက်ပေါင်းစုံ ကြည်ညိုဖွယ်ဂုဏ်ဆောင်သော ရှေးဆရာတော် အများအပြားရှိနေခဲ့ရာ ထိုဆရာတော်အားလုံး၏ အတ္ထုပ္ပတ္တိများကို ရှာဖွေတင်ပြပါလျှင် ဆုံးနိုင်ဖွယ်ရှိမည် မဟုတ်ပေ။ ထို့ကြောင့် ထိုဆရာမကြီး၏ အာသီသဆန္ဒလည်း ပြည့်ဝစေ၊ အများတကာ သိသင့်သိထိုက်သော ဂိုဏ်းကြီး ၉ ဂိုဏ်းကို ဦးဆောင်တည်ထောင်မှုခဲ့ကြသော ဆရာတော်တို့၏ အတ္ထုပ္ပတ္တိနှင့် ဂိုဏ်းဖြစ်ပေါ်လာပုံ အကြောင်းအရာများလည်း ပြီးမြောက်စေ။ သဘောဖြင့် 'ဂိုဏ်းကြီး ၉ ဂိုဏ်း' အကြောင်းအရာများကို ဦးစားပေးရေးပြီး စာစောင်များတွင် ထည့်သွင်းဖော်ပြခဲ့ရာ၊ ဂိုဏ်းအချို့ (အနည်းအကျဉ်း) သာ ဆက်လက်ဖော်ပြရန် ကျန်ရှိနေသေးသည်။

ယခု ဤစာအုပ်တွင် ယင်းဖော်ပြပြီးဂိုဏ်းများနှင့်တကွ ဖော်ပြရန်ကျန်ရှိနေသေးသော ဂိုဏ်းများကိုပါ ပေါင်းစပ်၍ ဖော်ပြထားခြင်းဖြစ်သည်။ ၄င်းအပြင် ရှေးက စာစောင်အသီးသီးတွင် ဖော်ပြခဲ့ပြီးသော ရှေးဟောင်းဂိုဏ်းကွဲများ၏ အကြောင်းအရာများကိုပါ ပေါင်းစပ် ဖော်ပြလိုက်ပါသည်။

ဤသို့ ဖော်ပြရာတွင် 'ပြည့်စုံမှု၊ မပြည့်စုံမှု'ဟူသောအချက် ပေါ်ထွက်နိုင်ပါသည်။ 'ပြည့်စုံမှုမရှိကြောင်း' တွေ့ရှိပါက 'စာရေးသူ၏ လေ့လာမှု အားနည်းခြင်း' ဟု ခံယူပါသည်။ 'ဖြည့်စွက်၍ ဖတ်ရှုသွားပါရန်' မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

စာရှုသူများ ဘာသာရေးဆိုင်ရာ စာပေဗဟုသုတ ကြွယ်ဝနိုင်ကြပါစေ။ ။

မာမက (သုတေသီ)

□

mgyoe.com

mgyoe.com SAMPLE BOOK

## ပဏာမနှင့် ပဋိညာဉ်

* ဘုန်းတော်ခြောက်စုံ၊ သီလဂုဏ်၊
ဉာဏ်ဟုန်ကြီးမား၊ မြတ်ဘုရား။
\- ပူဇော်အထူး၊ ထိုက်ရည်စူး၊
ညွတ်နူးအများ၊ မြတ်ဘုရား။
\- ငါးဥဿယျခံ၊ သိဖွယ်မှန်၊
မကျန်သိပြား မြတ်ဘုရား။
\- ဆရာမကူ၊ သယမ္ဘူ၊
'ဉာဏ်' ဟူသိထား၊ မြတ်ဘုရား။
* ဘုရားမြတ်စွာ၊ ဟောညွှန်လာ
ဓမ္မာထွတ်ဖျား၊ မြတ်တရား။
\- ကျင့်ကြံသူပေါင်း၊ ပါယ်မစောင်း၊
ဆောင်ကောင်းအလား မြတ်တရား။
\- ပါယ်မကျအောင်၊ ကျင့်သူနှောင်၊
ရွက်ဆောင်ပင့်ထား၊ မြတ်တရား။
\- ကြားနာလာရ၊ စိတ်ကြည်မြ၊
အစ, လယ် ကောင်းပြား၊ မြတ်တရား။
\- လိုက်နာကျင့်သော်၊ အကျိုးပေါ်၊
ဆုံးနော်ကောင်းပြား၊ မြတ်တရား။

mgyoe.com

mgyoe.com SAMPLE BOOK

* လေးဖြာသီလ၊ ကျင့်ဆောင်ကြ၊
ပြည့်ဝတရား၊ သံဃာများ။
\- ကောင်းမှုပျိုးစိုက်၊ လယ်ကောင်းဆိုက်၊
ဆိုထိုက်မမှား၊ သံဃာများ။
\- ဗုဒ္ဓမြတ်စွာ၊ သာသနာ၊
စောင့်ကာထိန်းထား၊ သံဃာများ။
\- အသိမြင့်ရေး၊ လမ်းညွှန်ပေး၊
တိုက်ကျွေးဟောကြား၊ သံဃာများ။
* ဘုရား၊ တရား၊ သံဃာအား၊
ညွှတ်တွားခါခါ၊ ဝန္ဒနာ။
\- မင်္ဂလာတိုး၊ ရကောင်းကျိုး၊
ရှိခိုးခါခါ၊ ကျွန့်နမာ။
\- ဘေးရန်ကင်းလွတ်၊ ကျမ်းပြီးကျွတ်၊
ဦးညွှတ်ခါခါ၊ မွန်ပဏာ။
\- ရတနာသုံး၊ ဦးညွှတ်တုံး၊
ပြီးဆုံးမြောက်လာ၊ ကျမ်းရွှေစာ။
\- ရေးကာသီကုံး၊ ကျမ်းတစ်ထုံး၊
ပြီးဆုံးမြောက်လာ၊ ကျမ်းရွှေစာ။
\- ဖတ်ရှုသူများ၊ သုတပွား၊
အားထားဖွယ်ရာ၊ ကျမ်းရွှေစာ။
\- သံဃာ့ဂိုဏ်းပေါင်း၊ သိဖွယ်ကောင်း၊
အကြောင်းစုံစွာ ကျမ်းရွှေစာ။ ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဗုဒ္ဓဘာသာတို့၏ကိုးကွယ်ရာ ရတနာ

လောကီနယ်ပယ်တွင် 'နီလာ, စိန်, ကြောင်မျက်ရွဲ, ပတ္တမြား,မြ (ပတ္တမြားစိမ်း), ဂေါမုတ်, ဥဿဖယား, သန္တာ, ပုလဲ' ဟူသော နဝရတ် ၉ သွယ် ရတနာ ၉ ပါးနှင့် 'ပုလဲ, မြ, ကြောင်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ငွေ, ရွှေ, ပတ္တမြားနီ, ပတ္တမြားပြောက်' ဟူသော ရတနာ ၁၀ ပါးကို လူတို့နှလုံးပွား၍ လိုလားနှစ်သက်အပ်သောကြောင့် 'ရတနာ' ဟူသောအမည်ကို ရကြသကဲ့သို့၊

'ဘုရား, တရား, သံဃာ ဟူသော ရတနာ ၃ ပါးသည်လည်း လူသားများအတွက် ကုသိုလ် ပွား၍ လိုလားနှစ်သက်အပ်သောကြောင့် 'ရတနာ' ဟူသောအမည်ကို ရရှိကြသည်။

ဗုဒ္ဓဘာသာဝင်များသည် ဤ 'ဘုရား, တရား, သံဃာ' ဟူသော ရတနာ ၃ ပါးကိုသာ ဆည်းကပ်ကိုးကွယ်လျက် ရှိကြသည်။ ဤရတနာ ၃ ပါး-ဘုရား, တရား, သံဃာ အကြောင်းအရာကို အမြွက်မျှ တင်ပြလိုပါသည်။

လူသားများသည် အသိဉာဏ် ဖွံ့ဖြိုးတိုးတက်မှု မရှိသေးချိန်က မိုးကြီး, လေထန်, ရေလျှံ, မိုးကြိုးပစ်, မီးတောင်ပေါက်, ဥက္ကာပျံ စသော သဘာဝဘေးအန္တရာယ်များကို ကြောက်ရွံ့ကြသည်။ မမြင်နိုင်သော နတ်ဘုရား တန်ခိုးရှင်တစ်ဦးဦးက အမျက်ထွက်သောကြောင့် ယင်း

mgyoe.com SAMPLE BOOK

အန္တရာယ်များ ကျရောက်အောင် ပြုလုပ်သည်။-ဟုထင်ကြသည်။ ထို့ကြောင့် ယင်းနတ်ဘုရား တန်ခိုးရှင်များ အမျက်ပြေစေရန် ပူဇော်ပသမှု ပြုခဲ့ကြသည်။ ၎င်းတို့၏ ပူဇော်သမှုမျိုးသည်ပင် နောင်ယခုဝေဒ ပေါ်လာသောအခါ 'ယဇ်' အမည်ရခဲ့သည်ဟု ယူဆရသည်။ ဓမ္မပဒဋ္ဌ ခေတ်ဦးလူများသည် ဘေးမှ ကြောက်ကြသောကြောင့် တော, တောင်, သစ်ပင် စသည်တို့ကို ရှိခိုး ပူဇော်ခဲ့ကြပြီး၊ ကာလကြာလာသောအခါ နတ်ကွန်းများကို ဆောက်လုပ်၍ တောစောင့်နတ်, တောင်စောင့်နတ်, သစ်ပင်စောင့်နတ် စသည်အဖြစ် ကိုးကွယ်ခဲ့ကြသည်။-ဟု ဆိုသည်။

ဤကမ္ဘာပေါ်တွင် လူသားများ မည်သည့်အချိန်က စ၍ မည်ကဲ့သို့ ဖြစ်ပေါ်လာသည်ကို ခေတ်သစ်သိပ္ပံပညာရှင်များက မည်သူမျှ အတိအကျ ပြောနိုင်မှု မရှိကြဘဲ၊ ခန့်မှန်းယူဆချက် အမျိုးမျိုးပေးခဲ့သည်ကိုသာ တွေ့ရှိရသည်။ လူသားများဖြစ်ပေါ်လာပြီးနောက် 'သမိုင်းမတင်နိုင်မီ ခေတ်' နှင့် သမိုင်းတင်နိုင်သော ခေတ် ဟူ၍ ခေတ် ၂ ခေတ်ရှိခဲ့ရာတွင်၊ သမိုင်းမတင်နိုင်မီခေတ်က လူသားများ၏ ကိုးကွယ် ယုံကြည်မှုမှာ မှုန်ဝါးလှသော်လည်း သမိုင်းတင်နိုင်သည့်ခေတ်တွင်မူ လူသားများ၏ ယုံကြည် ကိုးကွယ်မှုမှာ ပေါ်လွင်ထင်ရှားလာသည်။

၅၀၀၀ ဘီစီခန့်က အီဂျစ်လူ့အဖွဲ့အစည်းသည် အုပ်စုလိုက် နေထိုင်ကြပြီး အချင်းချင်း တိုက်ခိုက်လျက်ရှိနေကြရာ၊ အုပ်စုတိုင်းတွင် အမှတ်အသား အရုပ်တစ်ရုပ်စီ ရှိသည်။ နောက်ပိုင်းတွင် ၎င်းတို့၏ အမှတ်အသား အရုပ်များသည် ၎င်းတို့၏ကိုးကွယ်ရာ နတ်ဘုရားများ ဖြစ်လာသည်ကို တွေ့ရှိရသည်။ ယင်းနတ်ဘုရားအရုပ်များကား ကြောင်ရုပ်, မိကျောင်းရုပ်, သစ်တောက်ငှက်ရုပ်, ခွေးရုပ် စသည်တို့ပင် ဖြစ်သည်။ တစ်ဖန် 'အထက်အီဂျစ်, အောက်အီဂျစ်' ဟူ၍ အုပ်စုကြီး ၂ ခု ဖြစ်လာသောအခါ၊ အောက်အီဂျစ်က မြွေဟောက် ရုပ်, အထက်အီဂျစ်က သိန်းငှက်ရုပ် နတ်ဘုရားကို ပြောင်းလဲကိုးကွယ်ခဲ့ကြပြန်သည်။ အီဂျစ်ပြည်ထောင်စုဖြစ်လာသောအခါ 'ရေး' ခေါ် နေနတ်ဘုရားနှင့် 'အိုးဆီရစ်' ခေါ် နံ့မြေ (နိုင်းမြစ်) နတ်ဘုရားကို ပြောင်းလဲကိုးကွယ်လာခဲ့ပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အီဂျစ်နှင့် ခေတ်ပြိုင်ဖြစ်သော ဆူးမားရီးယန်းတို့သည်လည်း အီဂျစ်တို့ကဲ့သို့ပင် နတ်ဘုရားအမျိုးမျိုးကို ကိုးကွယ်ခဲ့ကြသည်။ ရှေးဂရိများသည်လည်း နတ်ဘုရားများစွာကိုပင် ကိုးကွယ်ကြပြီး၊ ဇေယု (ဇီယပ်) ကို နတ်ဘုရားချုပ်အဖြစ် ကိုးကွယ်ကြသည်။ မြန်မာတို့က 'ဇုနတ်ကြီး' ဟု ခေါ်သည်။

စစ်ကို အမြဲတိုက်ခိုက်လျက်ရှိသော အာဆီးရီးယန်းများကမူ စစ်နတ်ဘုရား အားဆူး (အာဆာ) ကို ဖန်တီး၍ ကိုးကွယ်ကြသည်။

ဘီစီ ၂၀၀၀ သို့မဟုတ် ၁၈၀၀ ခန့်တွင် ပေါ်ထွန်းခဲ့သော အာရိယန်တို့၏ ဗြာဟ္မဏဘာသာရေး ဝေဒခေတ်တွင်လည်း ရေ၊ မြေ၊ လေ၊ မီး စသော သဘာဝတရားများကိုပင် နတ်ဘုရားများအဖြစ် ဖန်တီး ကိုးကွယ်ခဲ့ကြသည်။ မြေ၊ ရေ၊ ကောင်းကင်အုပ်စု ၃ စုတွင် နတ်ဘုရား ၃၃ ဆူ ဖန်တီးထားသည်ကို တွေ့ရှိရသည်။

အချုပ်အားဖြင့် သမိုင်းဦး လူ့အဖွဲ့အစည်းများ၏ ဘာသာရေးသည် ဖန်တီးကိုးကွယ်ခဲ့ကြသော ဘာသာရေးသာ ဖြစ်သည်။ 'ဖန်တီးမှု' ဖြစ်သောကြောင့် ယင်းနတ်ဘုရားများ၏ ပုံသဏ္ဌာန်ကို ဖော်ပြရာ၌ ပုံစံအမျိုးမျိုးပင် ဖြစ်သည်။ အချို့ပုံသဏ္ဌာန်မှာ ကြောက်စရာအသွင် ဆောင်နေသည်ကိုပင် တွေ့ရှိရသည်။ ထို့ကြောင့် ထိုနတ်ဘုရားများနှင့် စပ်လျဉ်း၍ 'ဘုရား' ဟူသော ဝေါဟာရကို 'မည်သို့ အဓိပ္ပာယ် ဖွင့်ဆိုရမည်ကို မသိနိုင်အောင်ပင် ဖြစ်ရတော့သည်။

အမှန်မှာ လူသားများ၏ ကိုးကွယ်ရာ 'ကိုးကွယ်ခံဘုရား' ဟူသည် လူသားများထက် မြင့်မြတ်သောပုဂ္ဂိုလ် ဖြစ်ရပေမည်။ လူများထက်သာမက သက်ရှိသတ္တဝါ လူ၊ နတ်၊ ဗြဟ္မာ များထက်လည်း အသိပညာအားဖြင့်လည်းကောင်း၊ ကိုယ်ကျင့်သီလ၊ သမာဓိ၊ ပညာ စသော ဂုဏ်အားဖြင့်လည်းကောင်း မြင့်မြတ်သူ ဖြစ်ရပေမည်။ ထို့ကြောင့် ဘုရားကို 'အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်' ဟု အဓိပ္ပာယ်ဖွင့်ဆိုလျှင် အပြည့်စုံဆုံးသော၊ အမှန်ကန်ဆုံးသော အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်နိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ 'ဘုရား' ဟူသော ဝေါဟာရသည် 'အမြတ်ဟော 'ဝရ' ပုဒ်မှ 'ဗရး-ဗရား-ဘုရား' ဟု အဆင့်ဆင့် ဆင်းသက်ဖြစ်ပေါ်လာသော ဝေါဟာရဖြစ်ကြောင်း။ အဘယာရာမဆရာတော်က အဘိဓာန် နိဿယသစ်ကျမ်းတွင် ကြဲဆဖော်ပြထားသည်။

အချို့ကလည်း ဘုန်းကံပါရမီအားဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးထက် မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် 'ပုညဝန္တ' ပုဒ်မှ 'ပုည - ပုညား-ပုရား' ဘုရားဟု အဆင့်ဆင့်ဆင်းသက် ဖြစ်ပေါ်လာသော ဝေါဟာရဖြစ်ကြောင်း။ ဆိုသည်။

ထို့ကြောင့် လူသားများကိုးကွယ်သော ဘုရားသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ၊ အားလုံးထက် အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်ထူး ဖြစ်ပါမှ 'ဘုရားစစ်၊ ဘုရားမှန်' ဖြစ်နိုင်သည်။

ဗုဒ္ဓဘာသာတို့ ကိုးကွယ်သော ဗုဒ္ဓမြတ်စွာဘုရား ရတနာကား လူသားပင် ဖြစ်သော်လည်း သာမန်လူသားများ တုနှိုင်းမမီသော ပါရမီ ၁၀ ပါး အပြား ၃၀၊ ဂုဏ်တော် ၉ ပါး၊ ဘုန်းတော် ၆ ပါး၊ ဉာဏ်တော် ၁၀ ပါး၊ အသာဓာရ ဉာဏ်တော် ၆ ပါး၊ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ် ၈၀ နှင့်ပြည့်စုံတော်မူသော ဘုရား ဖြစ်သည်။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးက လက်အုပ်ချီမိုး ရှိခိုးရသော လောက ၃ ပါး တွင် အမြင့်မြတ်ဆုံးသောပုဂ္ဂိုလ် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား ရတနာသည် 'ဘုရားစစ်၊ ဘုရားမှန်' ပင် ဖြစ်တော့သည်။

ဗုဒ္ဓမြတ်စွာ ဘုရားရတနာအား ကြည်ညိုသဒ္ဓါပွား၍ ရှိခိုးဖူးမြော်လှူဒါန်းပူဇော်ရသူသည်လည်း ပစ္စုပ္ပန်၊ သံသရာ ဘဝ ၂ ဖြာ၌ ကောင်းကျိုးချမ်းသာများကိုသာ ရရှိခံစားနေကြရသည်။

တရားတော် 'ဓမ္မ' ဟူသည် ယင်းတရားကို ကျင့်ကြံပွားများသူများအား အပါယ်ဆင်းရဲသို့ မလားမရောက်အောင် ရှက်ဆောင်တတ်သော သဘောကို ခေါ်ခြင်းဖြစ်သည်။

သူတစ်ထူးအား ကိုယ်၊ နှုတ်၊ နှလုံးအားဖြင့် ထိခိုက်နစ်နာစေမှုများသည် 'မကောင်းမှုများ' ပင်ဖြစ်သည်။ မကောင်းမှုပြုသူများ၏ စိတ်ထား

mgyoe.com

mgyoe.com SAMPLE BOOK

သည့် ဖြူစင်မှုမရှိ ဖြစ်သည်။ သူတစ်ပါး ထိခိုက်နစ်နာမှု မဖြစ်သည့်အပြင် အကျိုးပြုလုပ်ငန်းများဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံမှုများသည် 'ကောင်းမှုများ' ဖြစ်သည်။ ဖြူစင်သော စိတ်ထား ရှိသူများသာလျှင် ကောင်းမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များသည် နက်နဲသည်။ ကျယ်ဝန်းသည်။ မကောင်းမှု၊ ကောင်းမှုများကို အတိအကျခွဲခြားပြီး မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ရန်နှင့် ဖြူစင်အောင် စိတ်ထားရန်ကိုသာ ညွှန်ပြထားသည်။ ကျင့်ကြံပွားများပုံများကိုလည်း နည်းအသွယ်သွယ်ဖြင့် ဖော်ပြထားသည်။

တရားတော်ကို ကြားနာရသူများသည် ပစ္စုပ္ပန်၊ သံသရာ–ဘဝ ၂ ဖြာ တိုးတက်မြင့်မားရေးအတွက် အသိပညာ၊ ဗဟုသုတ တိုးပွားရရှိနိုင်သောကြောင့် အစ၏ကောင်းခြင်း။

ကျင့်ကြံပွားများနိုင်သော ကျင့်စဉ်များကို ရရှိနိုင်သောကြောင့် အလယ်၏ကောင်းခြင်း၊ ကျင့်ကြံပွားများရသဖြင့် ကောင်းမွန်မြင့်မြတ်သော ဘဝကို ထူထောင်နိုင်သည့်အပြင် အေးငြိမ်းချမ်းသာမှုကိုပါ ရရှိခံစားနိုင်သောကြောင့် အဆုံး၏ကောင်းခြင်းနှင့်လည်း ပြည့်စုံသော တရားတော်ဖြစ်ခြင်း စသော တရားဂုဏ်တော် ၆ ပါးနှင့်လည်း ပြည့်စုံသည်။ လိုက်နာကျင့်ကြံသူများအားလည်း လောကီ၊ လောကုတ္တရာအကျိုးများကို မျက်ဝါးထင်ထင် အကျိုးပေးလျက်ရှိသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ ဗုဒ္ဓမြတ်စွာဘုရားရတနာ ဟောကြားတော်မူခဲ့သော တရားရတနာသည် တရားစစ်တရားမှန်ပင် ဖြစ်တော့သည်။

'သံဃာ'ဟူသည် 'အပေါင်း' ဟု အဓိပ္ပာယ်မှာ ရရှိသည်။ သို့ရာတွင် အပေါင်းတိုင်းကို 'သံဃာ' ဟု မခေါ်နိုင်ပေ။ အရိယာသံဃာ ၈ ပါးအပေါင်းကိုသာ 'သံဃာ' ဟု ခေါ်ခြင်းဖြစ်သည်။ အရိယာသံဃာတော်များသည် ကိလေသာအပူဓာတ်များကို ထိုက်သည့်အားလျော်စွာ အကြွင်းမဲ့ပယ်ဖြတ်ထားတော်မူကြပြီး ဖြစ်သည်။ ရဟန္တာဖြစ်လျှင် ကိလေသာ ၁၀ ပါးစလုံးကို အကြွင်းမဲ့ ပယ်ဖြတ်လိုက်ဖြစ်သောကြောင့် 'လူ၊ နတ်၊ ဗြဟ္မာတို့၏ပူဇော်အထူးကို အကြွင်းမဲ့ ခံတော်မူထိုက်ပြီဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပုထုဇဉ်ရဟန်းတော်များကို အရိယာဖြစ်ရန် ကျင့်ကြံနေသူများ ဖြစ်သောကြောင့် 'သံဃာ' ဟူ၍ပင် ခေါ်သည်။ 'သမုတိသံဃာ' ဖြစ်သည်။

မြတ်စွာဘုရားသည် ပရိယတ္တိသာသနာ၊ (ဂန္ထဓုရ)၊ ပဋိပတ္တိသာသနာ (ဝိပဿနာဓုရ) - တာဝန် ၂ ပါးကို ထမ်းဆောင်ရန် သံဃာ့အဖွဲ့အစည်းကို ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။

သံဃာတော်များ ကျင့်ကြံစောင့်ထိန်းရန်

'စာတုပါရိသုဒ္ဓိ' ခေါ်သော ၂၂၇ သွယ်သော သိက္ခာပုဒ်များကို စောင့်ထိန်းခြင်း-ပါတိမောက္ခသံဝရသီလ။

'မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်နှင့် စိတ်' ဟူသော ဣန္ဒြေ ၆ ပါးကို စောင့်ထိန်းခြင်း-ဣန္ဒြိယသံဝရသီလ။

ကုလဒူသန အနေသနမှုများမှ ကင်းပြီး စင်ကြယ်သော အသက်မွေးမှုဖြစ်ရန် စောင့်ထိန်းခြင်း-အာဇီဝပါရိ သုဒ္ဓိသီလ။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်း ၄ ပါးကို ဆင်ခြင်ပြီးမှ သုံးဆောင်ခြင်း-ပစ္စယသန္နိဿိတသီလ။

ဟူသော သီလ ၄ ပါးကို ပညတ်တော်မူပြီး၊ ယင်းသီလနှင့်ပြည့်စုံစွာနေသမျှကာလပတ်လုံး အလှူဒါယကာတို့ လှူဒါန်းသော 'ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး' ဟူသော ပစ္စည်း ၄ ပါးကို သုံးဆောင်ရန် ခွင့်ပြုတော်မူခဲ့သည်။

သီလ ၄ ပါးနှင့် ပြည့်စုံသော ရဟန်းတော်များသည် ပုညခေတ္တ (ကောင်းမှုစိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်) ဖြစ်၍ လှူဒါန်းသူများအား များစွာ အကျိုးဖွံ့ဖြိုး ရရှိစေနိုင်သည်။

ယင်း သီလ ၄ မျိုး မရှိဘဲ ဒါယကာတို့ လှူဒါန်းသော ပစ္စည်း ၄ ပါးကို သုံးဆောင်လျှင် သီလရှိသော မထေရ်များ၏ ပစ္စည်းကို ခိုးယူစားသုံးခြင်းဖြစ်သောကြောင့် 'ထေနက (ထေရ်ခိုး)' ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်၌ ဖော်ပြထားသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာတို့ ကိုးကွယ်လျက်ရှိသော သံဃာတော် ဟူသည် သီလဂုဏ်နှင့် ပြည့်စုံသဖြင့် ပုညခေတ္တ အစစ်ဖြစ်သောကြောင့် သံဃာစစ်၊ သံဃာမှန်များ' ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့သော 'ဘုရားစစ်ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ်သံဃာမှန်' ဟူသော ရတနာ ၃ ပါးကိုသာ ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ခြင်းဖြစ်ပါကြောင်း။ ရေးသားတင်ပြလိုက်ရပါသည်။ ။

❑

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# သံဃာ့ဘောင်

မြတ်စွာဘုရားသည် သံဃာ့ဘောင်ကို ထူထောင်တော်မူသောအခါ မင်းညီမင်းသားမှစ၍ အမျိုးကောင်းများသည် သံဃာ့ဘောင်သို့ အလျှိုလျှို ဝင်ရောက် ခိုလှုံလာခဲ့ကြသည်။ သံဃာ့ဘောင်လည်း နေ့ချင်းညချင်း စည်ပင် တိုးတက်လာသည်။ ဤသို့ သံဃာ့ဘောင်သို့ အမျိုးကောင်းသား အများ အပြား ဝင်ရောက်လာကြရာတွင် အများစုမှာ သဒ္ဒါတရားဖြင့် ဝင်ရောက် တော်မူကြခြင်း ဖြစ်သည်။ အချို့ကလည်း သဒ္ဒါတရားဖြင့် သံဃာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြသော်လည်း စရိုက်ဗီဇအရ ဆိုဆုံးမခက်သော 'ဒုဗ္ဗစများ' လည်း အနည်းအကျဉ်း ပါဝင်လာသည်။ အချို့ကလည်း သံဃာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြသော်ငြား မြတ်စွာဘုရား ပညတ်ထားတော်မူသော ဝိနည်း တရားကို မစောင့်စည်းနိုင်ကြသူများလည်း အနည်းအကျဉ်း ပါဝင်သည်။

ထို့ကြောင့် မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်က ဒုဗ္ဗစ ဖြစ်သော ၆ ပါးအစု ဦးဆောင် ဆဗ္ဗဂ္ဂီရဟန်းများနှင့် ကီဋာဂိရိဇနပုဒ်နေ ရဟန်းများကဲ့သို့ ဝိနည်းတရားကို မလေးမစားသူများလည်း ရှိသည်။ ဒကာ, ဒကာမများအနေဖြင့် ဝိနည်းကျင့်ဝတ် မသိ၍ 'ရဟန်းကောင်း, ရဟန်းဆိုး' မခွဲခြားတတ်တော့ဘဲ၊ 'ဝါဝါမြင် ရွှေထင်' သဘောဖြင့် ချီးမြှောက်အားပေး ကိုးကွယ်နေသောကြောင့် ရဟန်းဆိုးများက ခလေ့ထုံးတမ်းစဉ်လာသဖွယ် ဖြစ်လာပြီး သာသနာတော်နှင့်မလျော်သော အကျင့်ဆိုးများကို ရဲဝံ့စွာ ပြုမူ ခြင်း ဖြစ်လာရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိဋ္ဌာဂိရိဇနပုဒ်၌ အရှင်အဿဇိ, အရှင်ပုနဗ္ဗသုကတို့ ဦးစီးသော သံဃာတော်များသည် ဝိနည်းနှင့် အလွန်မအပ်စပ်သော လုပ်ရပ်များကို ပြုမူနေကြသည်။ မူမမှန်ဖောက်ပြန်သော ဒကာ,ဒကာမများနှင့် သဒ္ဓါကြီးမားပြီး ပညာနည်းပါးသော ဒကာ,ဒကာမများက ၄င်းရဟန်းများအား မြှောက်စားကိုးကွယ်လျက် ရှိကြသည်။ ဝိနည်းနှင့်အညီကျင့်သော ရဟန်းတော်တစ်ပါး ယင်းဇနပုဒ်သို့ ကြွရောက်လာသောအခါ ဆွမ်းလောင်း လှူသူ ပင်မရှိ ဖြစ်ခဲ့ရသည်။ ယင်းအကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူသောအခါ လက်ယာတော်ရံ, ဝဲတော်ရံအရှင်မြတ် ၂ ပါးအား ဆုံးမရန် တာဝန်ပေးတော်မူခဲ့ရာ၊ အဂ္ဂသာဝက အရှင်မြတ် ၂ ပါးကလည်း ဒကာ, ဒကာမများအား ဝိနည်းတရားကို ရှေးဦးစွာ သင်ကြားပေးတော်မူခဲ့သည်။

ဒကာ, ဒကာမများလည်း ဝိနည်းတရားကို နားလည်လာသောအခါ ထိုရဟန်းများ၏ လုပ်ရပ်များသည် ဝိနည်းတော်နှင့်အညီ ပြန်လည်ပြင်ဆင် နေထိုင်ဆောင်ရွက်ခဲ့ရသည်။

အလားတူပင်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် နှစ် ၁၀၀ ခန့်တွင် ဝဇ္ဇီတိုင်းသားသံဃာတော်များက ဝိနည်းပညတ်ချက် ၁၀ ချက်ကို ပြင်ဆင်ပြီး ဥပုသ်နေ့တွင် ရွှေ,ငွေကို အလှူခံနေကြသည်။ ထိုဒေသ၏ အလေ့အထသဘော ဖြစ်နေသဖြင့် ဒကာ, ဒကာမများလည်း ငွေများကို လောင်းလှူနေကြသည်။ အရှင်မဟာယသမထေရ်မြတ် ရောက်ရှိလာသောအခါ အရှင်မဟာယသအားလည်း ဝေစုတစ်စု ခွဲဝေပေးကြသည်။ အရှင်မဟာယသက ယူတော် မမူသည့်အပြင် 'ဝိနည်းတော်နှင့် မလျော်ကြောင်း' မိန့်ကြား၍ ဝိနည်းတရားတော်နှင့်အညီ ဆွမ်းခံဝင်သော အခါ ဆွမ်းလောင်းလှူသူပင် မရှိ ကြုံခဲ့ရသည်။ ဝဇ္ဇီတိုင်းသား ရဟန်းများက အရှင်မဟာသယအား ဒကာ, ဒကာမများကို တောင်းပန်ရန် ကံပြုခဲ့ကြသည်။

ဤအချက်များကို ကြည့်ခြင်းအားဖြင့် ရဟန်းတော်အချို့၏ ဝိနည်းတရားနှင့်အညီ နေမှု, မနေမှုကား ကိုးကွယ်သူ ဒကာ, ဒကာမများအပေါ်

mgyoe.com

mgyoe.com SAMPLE BOOK

များစွာတည်မှီနေကြောင်း သိရှိနိုင်သည်။ ဝိနည်းမသိ၍ ရဟန်းတော်အား လျောက်ပတ်သည်၊ မလျောက်ပတ်သည်ကို မသိသော ဒကာ၊ ဒကာမအချို့၏ ဆက်ဆံမှုကို ရဟန်းများက စေတနာသဒ္ဓါတရားကို ငဲ့ကွက်လိုက်လျောရာမှ အစဦးအလာတစ်ရပ်ကဲ့သို့ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ ရဟန်းတော်များမှာလည်း အာပတ်သင့်ရတော့သည်။ 'တပည့်လိမ္မာ ဆရာအာပတ်လွတ်' စကားကား အဖိုးတန်မှန်ကန်သော စကားပင် ဖြစ်တော့သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ သုဘဒ်ရဟန်းကြီး ပြောသောစကားနှင့် ပတ်သက်၍ အရှင်မဟာကဿပမထေရ်မြတ်က သံဝေဂဖြစ်တော်မူပြီး "မတရား အဓမ္မဝါဒ မထွန်းကားမီ၊ တရား ဓမ္မဝါဒ တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊ မဟုတ်မမှန်သော ဝိနည်းစည်းကမ်း မထွန်းကားမီ၊ ဟုတ်မှန်သောဝိနည်းတရား တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အား မကောင်းမီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အား မနည်းမီ၊ ဝိနည်း မလေးစားမလိုက်နာသူများ အင်အား မကောင်းမီ၊ ဝိနည်း လေးစားလိုက်နာသူများ အင်အား မနည်းမီ ဓမ္မဝိနယကို ယခု ငါတို့ သံဂါယနာတင်ကြပါကုန်စို့။" ဟု မိန့်တော်မူခဲ့သည်။

ဖော်ပြခဲ့သော ကိဋ္ဌာဂီရိဇနပုဒ်နှင့် ဝဇ္ဇီတိုင်းဒေသတို့တွင် အဓမ္မဝါဒ၊ အဝိနယဝါဒများ ဓလေ့သဖွယ်ဖြစ်ပြီး အဓမ္မဝါဒီ၊ အဝိနယဝါဒီများ အင်အားကောင်းခဲ့သည်။ သို့ရာတွင် အချိန်မီ တားဆီးနိုင်ခဲ့သော်လည်း ဝဇ္ဇီတိုင်းကိစ္စတွင် သံဃာ ၂ ခြမ်း ကွဲခဲ့ရသည်။

ထို့ကြောင့် သံဃာ့ဘောင်သို့ ဝင်ရောက်လာကြသမျှ အားလုံးသည် 'သဒ္ဓါတရားဖြင့် ဝင်ရောက်လာခြင်းမဟုတ်ကြောင်း ပေါ်လွင်လာသည်။ အထူးသဖြင့် သာသနာတော်ကို မင်းနှင့် အများပြည်သူ ဒကာ၊ ဒကာမများ အတိုင်းမသိ ထောက်ပံ့လှူဒါန်းမှုရှိသောအခါ မသမာမှုများလည်း ရဟန်းယောင် ပြုလာတတ်ကြသဖြင့်၊ သာသနာတော်အတွင်း၊ သံဃာ့ဘောင်အတွင်း ရှုပ်ထွေးခြင်းများစွာ ဖြစ်ပေါ်လာရသည်။ သီရိဓမ္မာသောကမင်း၏ သာသနာတော်သို့ အတိုင်းအဆမရှိသော ထောက်ပံ့လှူဒါန်းနေမှုကို အကြောင်းပြု၍ သာသနာတော်ကို မယုံကြည်သူများလည်း သံဃာ့ဘောင်

mgyoe.com SAMPLE BOOK

သို့ ဝင်ရောက်ခိုလှုံလာကြသဖြင့် သာသနာ့အညစ်အကြေး အရှုပ်အထွေးများစွာ ဖြစ်ပေါ်ခဲ့ရသည့်ထုံး ရှိသည်။

ထိုအခါ သာသနာတော်၌ သဒ္ဓါ၊ ပညာကြီးမားသော မင်းအစိုးရများက သာသနာသန့်ရှင်းရေးကို ဆောင်ရွက်ပေးတော်မူခဲ့ကြရသည်။ အိန္ဒိယတွင် သီရိဓမ္မာသောကမင်း၊ သီဟိုဠ်တွင် ပရက္ကမဗာဟုမင်း၊ မြန်မာနိုင်ငံတွင် အနော်ရထာမင်း၊ ဓမ္မစေတီမင်း၊ မင်းတုန်းမင်းများသည် ထင်ရှားသော 'နိဂ္ဂဟ (နှိပ်ကွပ်) သာသနာပြုနည်း' ဖြင့် သာသနာသန့်ရှင်းရေးအတွက် ဆောင်ရွက်တော်မူခဲ့ကြသော မင်းများ ဖြစ်သည်။

သံဃာ့ဘောင်အတွင်း၌ သံဃာတော်အချင်းချင်း ကွဲအက်ခဲ့ရခြင်းမှာ အရှင်မဟာကဿပ မထေရ်မြတ် မိန့်ကြားတော်မူသကဲ့သို့ ဓမ္မဝါဒ၊ အဓမ္မဝါဒနှင့် ဓမ္မဝါဒီ၊ အဓမ္မဝါဒီတို့အရ၊ ဝိနယ၊ အဝိနယနှင့် ဝိနယဝါဒီ၊ အဝိနယဝါဒီတို့အရ ကွဲအက်ခဲ့ရခြင်း ဖြစ်သည်။ အရှင်မဟာကဿပဦးဆောင်သော ပထမသံဂါယနာတင်ထေရ်ရှင်များ ချမှတ်ထားတော်မူခဲ့သော ထေရဝါဒဗုဒ္ဓသာသနာကို ထိန်းသိမ်းစောင့်ရှောက်တော်မူလာကြသော ထေရဝါဒသံဃာတော်များသည် ဓမ္မဝါဒီ၊ ဝိနယဝါဒီသံဃာများပင် ဖြစ်သည်။ ယင်း ထေရဝါဒဗုဒ္ဓသာသနာ ပိဋကတ်ကို မလိုက်နာသော သံဃာအစုများသည် အဓမ္မဝါဒီ၊ အဝိနယဝါဒီသံဃာများပင် ဖြစ်သည်။

အိန္ဒိယတွင် သီရိဓမ္မာသောကမင်းနောက်ပိုင်း၌ အဓမ္မဝါဒ၊ အဝိနယဝါဒနှင့် အဓမ္မဝါဒီ၊ အဝိနယဝါဒီများ အင်အားကောင်းပြီး လွှမ်းမိုးခဲ့သောကြောင့် ထေရဝါဒဗုဒ္ဓသာသနာနှင့် ထေရဝါဒသံဃာတော်များ စောစီးစွာ ကွယ်ပျောက်ခဲ့ရသည်။

ဤသို့ ကွယ်ပျောက်ခဲ့ရသော်လည်း သွေးမြေကျမှု တစ်ပေါက်မျှ မရှိခဲ့ပါ။ မည်သို့ပင် ဂိုဏ်းကွဲ၊ အယူအဆများ ကွဲကြစေကာမူ ဗုဒ္ဓဘာသာသည် အချင်းချင်း သော်လည်းကောင်း အခြား အယူမတူသော ဘာသာဝင်များကို သော်လည်းကောင်း ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှု မရှိခဲ့ဖူးပါ။ သတ်ဖြတ်ညှဉ်းဆဲခြင်း စသည်များကို မကောင်းမှုအဖြစ် မြတ်စွာဘုရား ဟောကြားထားသည်ကို လိုက်နာကျင့်သုံးသူများ ဖြစ်သောကြောင့် ဖြစ်

သည်။ တစ်နည်းအားဖြင့် 'အယူဝါဒ နှလုံးသွင်းမှား၍ ကြံစည်, ပြောဆို, လုပ်ကိုင်မှု မှားယွင်းနေသူများသည် ၄င်းတို့၏ ကြံစည်, ပြောဆို, လုပ်ကိုင်မှု၏ ကောင်းကျိုးဆိုးပြစ်ကို ၄င်းတို့သာ ခံစားကြရမည်။' ဟု ဗုဒ္ဓဘာသာဝင်များက သိမှတ်ထားသောကြောင်း အခြားဘာသာကိုးကွယ်မှုကို မည်သည့်အခါမျှ ဗုဒ္ဓဘာသာဝင်များက ပြုရူမှု မရှိခဲ့ပါ။ သွေးမြေကျညှဉ်းဆဲသတ်ဖြတ်မှု ပြုလုပ်ရန်မှာ စဉ်းစားပင် မစဉ်းစားခဲ့ကြပါ။ ဤကား ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားမွန်မြတ်သော စိတ်ထားပင် ဖြစ်သည်။

သီဟိုဠ်တွင်မူ သီဟိုဠ်မင်းအဆက်ဆက်က အာဏာစက်ဖြင့် ဆောင်ရွက်နိုင်ခဲ့သောကြောင့် အစမ္မဝါဒ, အဝိနယဝါဒနှင့် အစမ္မဝါဒီ, အဝိနယဝါဒီများ ပပျောက်ခဲ့ရပြီး၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်သာလျှင် အမြစ်တွယ်ကျန်ရစ်ခဲ့ရသည်။

မြန်မာနိုင်ငံ၌လည်း အစမ္မဝါဒ, အဝိနယဝါဒနှင့် အစမ္မဝါဒီ, အဝိနယဝါဒီများဖြစ်သော တန္တရ, မန္တရအနွယ်ဝင် ဝဇိရာယာနဂိုဏ်းဝင် အရည်းကြီးများ ကြီးစိုးခဲ့ဖူးသည်။ သထုံမှ ရှင်အရဟံနှင့် အနော်ရထာမင်းတို့၏ကျေးဇူးကြောင့် အရည်းကြီးများ ပပျောက်ပြီး၊ သထုံမှ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး တစ်နိုင်ငံလုံး တည်တံ့ပြန့်ပွားခဲ့ရသည်။ သို့ရာတွင် ထေရဝါဒသံဃာတော်အတွင်း၌ အယူအဆ, ခံယူချက် မတူညီမှုများကြောင့် ကွဲအက်ခြင်းများလည်း ဖြစ်ပေါ်ခဲ့ရပြန်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ ထေရဝါဒ သံဃာတော်အတွင်း၌ 'ဂိုဏ်းကြီး ၉ ဂိုဏ်း' ဖြစ်ပေါ်တည်ရှိနေရခြင်း ဖြစ်သည်။

ယင်းဂိုဏ်းများ ကွဲပြားခြင်းအကြောင်းရင်းများကို ဆက်လက်ရေးသားသွားမည်ဖြစ်ပါကြောင်း။ တင်ပြလိုက်ရပါသည်။ ။

❑

m.gyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အိန္ဒိယသံဃာ့ဂိုဏ်း

'ဂိုဏ်း' ဟူသည် 'ဂဏ' ဟူသော ပါဠိဝေါဟာရမှ ပေါက်ဖွားလာသော မြန်မာဝေါဟာရ ဖြစ်သည်။ 'အပေါင်းအသင်း။ အဖွဲ့အစည်း' ဟု အဓိပ္ပါယ်ရသည်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကလည်း 'ဂဏ (ဂိုဏ်း)' ဟူသော ဝေါဟာရ ရှိခဲ့သည်။ ဝိနည်းတရားတော်အရ ဂဏ (ဂိုဏ်း) ဟူသည် ရဟန်းတော် ၂ ပါး, ၃ ပါးကို ခေါ်ခြင်းဖြစ်သည်။ ရဟန်းတော် တစ်ပါးကို ပုဂ္ဂိုလ် ခေါ်ပြီး၊ ၄ ပါးနှင့် အထက်ကို 'သံဃာ' ဟု ခေါ်သည်။

ထို့ကြောင့် ဒါယကာက မိမိ၏ပစ္စည်းကို 'အရှင်ဘုရားအား လှူဒါန်းပါ၏။' ဟု ဆိုလျှင် 'ပုဂ္ဂိုလ်'အား လှူသည်မည်ကြောင်း၊ 'အရှင်ဘုရားတို့အား လှူဒါန်းပါ၏။' ဟု ဆိုလျှင် 'ဂိုဏ်းအား' လှူသည်မည်ကြောင်းနှင့် 'သံဃာအားလှူပါ၏' ဟု ဆိုလျှင် 'သံဃာ' အား လှူဒါန်းခြင်းဖြစ်ကြောင်း ဝိနည်းတရားတော်၌ ဖော်ပြထားသည်။

သို့ရာတွင် သာသနာပတိဋ္ဌိယ (အယူဝါဒတီထွင်သူ) များကိုလည်း သက်ဆိုင်ရာ ဂိုဏ်းဆရာကြီးများအဖြစ် သတ်မှတ်ထားရှိသောကြောင့် 'ဂဏ (ဂိုဏ်း)'ဟူသော ဝေါဟာရသည် 'အပေါင်းအစု, အသင်းအဖွဲ့' အဖြစ် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ထင်ရှားလာသော ဝေါဟာရတစ်ရပ်ဖြစ်ကြောင်း သိသာနိုင်သည်။ ထို့ကြောင့် 'ဗြာဟ္မဏဂိုဏ်း, လောကာယတဂိုဏ်း, သမဏဂိုဏ်း, ပရိဗ္ဗာဇကဂိုဏ်း' စသော ဂိုဏ်းအမည်များ ထင်ရှားတည်ရှိခဲ့ခြင်း ဖြစ်သည်။

mgyoe.com SAMPLE BOOK

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ပထမဦးဆုံးဖြစ်သော သာသနာနှစ် ၁ ခုနှစ်တွင် ရှင်မဟာကဿပ ဦးဆောင်သော ရဟန္တာကြီး ၅၀၀ တို့က ရာဇဂြိုဟ်တွင် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို စုပေါင်းရွတ်ဆို ညှိနှိုင်းတိုက်ဆိုင်ခြင်းဖြင့် ပထမသံဂါယနာကို တင်တော်မူကြပြီး သဘောတူရာ စုစည်း၍ ပိဋကတ် ၃ သွယ်, နိကာယ် ၅ ရပ် စသည်သတ်မှတ်၍ ထားတော်မူခဲ့သည်။ ယင်း ပိဋကတ်တော်များကို သံဂါယနာတင်မထေရ်ကြီးများကို အစွဲပြု၍ 'ထေရဝါဒ ပိဋကတ်တော်' ဟု ခေါ်ဆိုခဲ့ကြသည်။ ယင်း ထေရဝါဒပိဋကတ်တော်ကို လိုက်နာကျင့်သုံးသော သံဃာတော်များကို 'ထေရဝါဒသံဃာ' ဟု ခေါ်သည်။ ဗုဒ္ဓမြတ်စွာဘုရား၏သားတော် ရဟန်းတော်အရှင်မြတ်များသည် ယင်းထေရဝါဒပိဋကတ်တော်များကို သာသနာနှစ် ၁၀၀ အထိ ကွဲပြားခြင်း မရှိ ညီညွတ်မှုပကတိဖြင့် လိုက်နာကျင့်သုံးတော်မူခဲ့ကြရာ သံဃာ့ဂိုဏ်း ကွဲပြားမှုမရှိ ဖြစ်ခဲ့သည်။

ယင်း သာသနာနှစ် ၁၀၀ သို့ ရောက်သောအခါ ဝေသာလီပြည်သား ဝဇ္ဇီပုတ္တကရဟန်းတော်များက ထေရဝါဒပိဋကတ်တော်များကို ခေတ်နှင့်အညီ ပြင်ဆင်လာကြသည်။ ထို့ကြောင့် ရွှေ, ငွေကို ကိုင်နိုင်ခြင်း အပါအဝင် ဝိနည်းပညတ်ချက် ၁၀ ချက်ကို ပြင်ဆင်လာကြခြင်း ဖြစ်သည်။

သံဃာ့အဓိကရုဏ်းလည်း ဖြစ်ပွားလာရပြီး၊ ရှင်မဟာယသ ဦးဆောင်သော ရဟန္တာမထေရ်ကြီး ၇၀၀ တို့က ဝေသာလီတွင် ဒုတိယသံဂါယနာတင်တော်မူခဲ့ကြရသည်။ ထိုအခါ ဝေသာလီပြည်သား ဝဇ္ဇီပုတ္တက ရဟန်းများကလည်း မိမိတို့နှင့် သဘောတူရာ ရဟန်းသံဃာတော်များကို စုစည်း၍ 'မဟာသံဂီတိ' အမည်ဖြင့် ကောသမ္ဗီတွင် စင်ပြိုင်သံဂါယနာတင်ခဲ့ကြသည်။ မိမိတို့ ဂိုဏ်းသံဃာများကိုလည်း 'မဟာသံဃိက' ဟု အမည်တပ် ခေါ်ခဲ့ကြသည်။ ထေရဝါဒသံဃာတော်များထက် အစစ သာလွန်စေရန် 'မဟာသံဂီတိ, မဟာသံဃိက'ဟု 'မဟာ' တပ်ခဲ့ကြသည်။ ၎င်းတို့သည် ပိဋကတ်တော်များကို လိုသလို ပြင်ဆင်ခဲ့ကြသည့်အပြင်၊ အဝတ်သင်္ကန်းများကိုလည်း တစ်မျိုးတစ်ဖုံ ပြင်ဆင်ခဲ့ကြသည်။ ထိုအချိန်မှစ၍

mgyoe.com

mgyoe.com
SAMPLE BOOK

'မူရင်းထေရဝါဒဂိုဏ်း' နှင့် 'ပြင်ဆင်ရေး မဟာသံဃိကဂိုဏ်း' ဟူ၍ သိသာထင်ရှားစွာ ကွဲပြားသွားတော့သည်။

ဤသို့ သံဃာ့ဂိုဏ်းကြီး ၂ ဂိုဏ်း ကွဲပြားလာပြီးနောက် နှစ်ပေါင်း ၁၀၀ ကျော်အတွင်းတွင် ထေရဝါဒဂိုဏ်းကြီးမှ ဂိုဏ်း ၁၁ ဂိုဏ်း၊ မဟာသံဃိကဂိုဏ်းမှ ဂိုဏ်း ၅ ဂိုဏ်း ထပ်မံကွဲထွက်လာပြန်သည်။

ထို့ကြောင့် သာသနာနှင့် ၂၃၅ ၌ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် ဦးဆောင်သော ထေရ်မြတ် ၁၀၀၀ တို့ ပါတလိပုတ်၌ တတိယ သံဂါယနာတင်ချိန်တွင် 'ဂိုဏ်းကွဲ ၁၈ ဂိုဏ်းရှိသည်' ဟု သီဟိုဠ်ဒီပဝင်၌ ဖော်ပြထားသည်။ ဤတတိယသံဂါယနာတင်ချိန်၌ သီရိဓမ္မာသောကမင်းက အတုအယောင်ရဟန်းများကို အကြမ်းဖျင်းစိစစ်၍ ဖယ်ထုတ်သည်။

၎င်းနောက် ထေရဝါဒ ရဟန်းသံဃာတော်များအတွင်းသို့စိမ့်ဝင်ကြပြီး ထေရဝါဒဗုဒ္ဓသာသနာကို ပူးသတ်နေကြသော အတုအယောင်ရဟန်းများကို ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က အနုစိတ် စိစစ်ပြီး ဖယ်ထုတ်တော်မူခဲ့သည်။ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ အယူဝါဒဆိုင်ရာ စိစစ်ချက်များကို ဘုရားဟောနည်း၌တည်၍ ဟောထားခြင်းဖြစ်သောကြောင့် မြတ်စွာဘုရား နည်းရရုံဟောကြားတော်မူခဲ့သော အဘိဓမ္မာပိဋက ကထာဝတ္ထုကျမ်းတွင် ပေါင်းစပ်ထည့်သွင်း၍ သံဂါယနာအဆင့်ဆင့် တင်တော်မူခဲ့ကြသည်။ ယင်း ကထာဝတ္ထုကျမ်းအရ တတိယသံဂါယနာတင်ချိန်တွင် ဂိုဏ်းကွဲ ၃၀ ခန့်ရှိသည်။" ဟု သိရှိရသည်။ သီဟိုဠ်ဒီပဝင်ပါ ဂိုဏ်း ၁၈ ဂိုဏ်းအမည်စာရင်းတွင် မပါဝင်သော ဂိုဏ်းအမည်အချို့ကို ကထာဝတ္ထုကျမ်းတွင် တွေ့ရှိရသောကြောင့် 'ဂိုဏ်းကွဲ ၃၀ ခန့်ရှိသည်' ဟု ဆိုခြင်း ဖြစ်သည်။

ဤထေရဝါဒ တတိယသံဂါယနာတင်ချိန်၌ သဗ္ဗတ္ထိဝါဒ ဂိုဏ်းသံဃာများ ဦးဆောင်သော မဟာသံဃိကဂိုဏ်းအပါအဝင် အခြားဂိုဏ်းကွဲသံဃာများကလည်း ဒုတိယအကြိမ် နာလန္ဒာ၌ စင်ပြိုင်သံဂါယနာ တင်ခဲ့ကြသည်။ ထိုအချိန်၌ ထေရဝါဒမဟုတ်သော ပြုပြင်ရေးဂိုဏ်းသံဃာများ အားကြီးနေပြီဖြစ်၍၊ အိန္ဒိယတွင် မကြာမီ ထေရဝါဒဗုဒ္ဓဘာသာအစစ် ကွယ်

mgyoe.com

mgyoe.com SAMPLE BOOK
တော့မည်။-ကို သိရှိတော်မူကြသည်။ ထို့ကြောင့် သံဂါယနာတင်ထေရ်များ သည် သံဂါယနာတင်ပြီးနောက် သီရိဓမ္မာသောကမင်းနှင့် တိုင်ပင်ပြီး ၉ တိုင်း ၉ ဌာနသို့ သာသနာပြု စေလွှတ်တော်မူခဲ့ကြသည်။

အိန္ဒိယတွင် သာသနာနှစ် ၂၃၅ ၌ ထေရဝါဒ တတိယသံဂါယနာ နှင့် ထေရဝါဒမဟုတ်သော ပြုပြင်ရေးဂိုဏ်းကွဲ သံဃာများ၏ စင်ပြိုင် ဒုတိယသံဂါယနာတင်ပြီးနောက် သာသနာနှစ် ၆၅၀ ခန့်တွင် အိန္ဒိယ၌ သံဂါယနာတင်ခြင်း တစ်ရပ် ထပ်မံပေါ်ပေါက်ခဲ့သည်။

မောရိယမင်းဆက် နောက်ပိုင်းတွင် အိန္ဒိယတစ်ပြည်လုံးကို သုဂ်မင်း အုပ်စိုးခဲ့သည်။ သို့ရာတွင် ဂန္ဓာရတိုင်း, ကသ္မီရတိုင်း, ယောနကတိုင်း ၃ တိုင်းကို သုဂ်မင်း အုပ်စိုးနိုင်ခြင်းမရှိဘဲ ဂရိဘက်တြီးယားမှ ကူသျှမ် မင်းများက အုပ်စိုးခဲ့သည်။ မင်းဆက် ၃၀ မျှ အုပ်စိုးခဲ့သည်ဟု ဆိုသည်။ ဗုဒ္ဓဘာသာကို အားပေးသောမင်းများ ဖြစ်သည်။ မိလိန္ဒမင်းသည် ယင်း ဂရိမင်းဆက် အပါအဝင်ဖြစ်သည်။ ယင်း ဂရိမင်းဆက် ၃၀ အနက် ကနစ်သျှက (အေဒီ ၁၂၀-၁၆၂) လက်ထက်တွင် ယင်းဒေသများတွင် 'ကသ္မီရဂိုဏ်း' နှင့် 'ဂန္ဓာရဂိုဏ်း' ဂိုဏ်းဟူ၍ ကွဲပြားပြန့်လျက် ရှိနေသည်။ ထို့ကြောင့် ကနစ်သျှကမင်းသည် ယင်းဂိုဏ်း ၂ ဂိုဏ်းကို စေ့စပ်ပေးရန်နှင့် ဗုဒ္ဓ ဘာသာကို အားပေးရန် သံဂါယနာတင်ပွဲ ကျင်းပခဲ့သည်။ ထိုသံဂါယနာ တင်ပွဲတွင် သဗ္ဗတ္ထိဝါဒ စသော ပြုပြင်ရေး ဂိုဏ်းကွဲသံဃာများသာ ပါဝင်ပြီး ထေရဝါဒသံဃာ လုံးဝ ပါဝင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် အိန္ဒိယတွင် သာသနာနှစ် ၆၀၀ ခန့်ကပင် ထေရဝါဒဗုဒ္ဓသာသနာ ကွယ်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

ကနစ်သျှကမင်း သံဂါယနာနောက်ပိုင်းတွင် သဗ္ဗတ္ထိဝါဒဂိုဏ်းက 'ဝိဘာသာ'ခေါ်သော အဖွင့်အဋ္ဌကထာကျမ်းများကို ရေးပြီး ကျောက် သေတ္တာတွင် ထည့်၍ ပက်ရှဝါစေတီတွင် မြှုပ်နှံဌာပနာခဲ့ရာ တရုတ်ရဟန်း တော်များ ယင်း ကျောက်သေတ္တာကို ရရှိသွားခဲ့သည်။ဟု ဆိုသည်။ ယင်း ဝိဘာသာ ရေးသားမှုကို အစွဲပြုပြီး သဗ္ဗတ္ထိဝါဒဂိုဏ်းကို 'ဝေဘာသိကဂိုဏ်း' ဟူ၍ ခေါ်ခဲ့ကြသည်။
mgyoe.com

mgyoe.com SAMPLE BOOK

သုတ္တန္တိကဂိုဏ်းကမူ သဗ္ဗသုညတာဝါဒကို စွဲကိုင်ခဲ့ကြသည်။

ဤဂိုဏ်း ၂ ဂိုဏ်းသည် ရှေးကျသော ဂိုဏ်းများ ဖြစ်သည်။ သီဟိုဠ်ဒီပဝင် ဖော်ပြသော ဂိုဏ်း ၁၈ ဂိုဏ်းတွင် ပါဝင်သော ဂိုဏ်းများ ဖြစ်သည်။

သာသနာနှစ် ၇ ရာစုတွင် 'မဇ္ဈိမိကဂိုဏ်း' တစ်ဂိုဏ်း ပေါ်ခဲ့သည်။ ဤဂိုဏ်း၏ ဝါဒရေးရာမှာ သုညဝါဒ ဖြစ်သည်။ ဤဂိုဏ်းသားများသည် ဝါဒရေးရာနှင့် စပ်လျဉ်း၍ ထာဝရငြင်းခုံခဲ့ကြသည်။

သာသနာနှစ် ၉၀၀ အကျော်တွင် 'ယောဂါစာရဂိုဏ်း' ပေါ်လာပြန်သည်။ ဝိညာဏဝါဒကို စွဲကိုင်သော ဂိုဏ်းဖြစ်သည်။ ဤဂိုဏ်းပေါ်လာပြီးနောက် ယင်းဂိုဏ်း ၄ ဂိုဏ်းတို့၏ ဝါဒရေးရာငြင်းခုံမှုမှာ ပို၍ ပြင်းထန်လာသည်။

အထူးသဖြင့် ဘုရားလောင်းကျင့်စဉ်, သာဝကကျင့်စဉ်နှင့် စပ်လျဉ်း၍ ငြင်းခုံကြသည်။ မဇ္ဈိမိကဂိုဏ်းသားများ ယောဂါစာရဂိုဏ်းသားအချို့က ဘုရားလောင်းကျင့်စဉ်ကိုသာ လက်ခံသည်။ ကျန် ဂိုဏ်းသားများကမူ သာဝကကျင့်စဉ်ကိုလည်း လက်ခံသည်။ အချုပ်အားဖြင့် 'ကောင်းကင်စံ ဗုဒ္ဓဘုရားဖြစ်ရန် လူတိုင်း, သတ္တဝါတိုင်း ဘုရားလောင်း (ဗောဓိသတ်) ဖြစ်ရမည်။ ဘုရားလောင်းဖြစ်ပြီးမှ ဗုဒ္ဓဘုရားအဖြစ်သို့ (ထေရဝါဒအလို အရဆိုလျှင် နိဗ္ဗာန်သို့) ရောက်နိုင်သည်။' ဟု မဇ္ဈိမိက ဂိုဏ်းသားများနှင့် ယောဂါစာရဂိုဏ်းသားအချို့က ဆိုသည်။ ကျန်ဂိုဏ်းသားများကမူ 'သာဝကကျင့်စဉ်ဖြင့်လည်း (သာဝကအဖြစ်နှင့်လည်း) ကောင်းကင်စံ ဗုဒ္ဓဖြစ်နိုင်သည်။ 'တထာတာ ခေါ်သော နိဗ္ဗာန်၌ စံနိုင်သည်။' ဟု ဆိုသည်။

ဤသို့ ငြင်းခုံကြရာမှ ဘုရားလောင်းကျင့်စဉ်ကိုသာ လက်ခံသော မဇ္ဈိမိကဂိုဏ်းသားများနှင့် ယောဂါစာရဂိုဏ်းသားအချို့က မိမိတို့အယူအဆကို 'မဟာယာန (မြင့်မြတ်သော ကျင့်စဉ်)' ဟု ကင်ပွန်းတပ်ကြပြီး၊ သာဝကကျင့်စဉ်ကို လက်ခံသော ဝေဘာသိကဂိုဏ်း, သုတ္တန္တိကဂိုဏ်းနှင့် ယောဂါစာရဂိုဏ်းသားအချို့ကို 'ဟိနယာန (ယုတ်သောကျင့်စဉ်)' ယူသူများအဖြစ် နှိမ်၍ ပြောဆိုခဲ့ကြရာမှ မဟာယာန, ဟိနယာနဂိုဏ်း-၂ ဂိုဏ်း ကွဲခဲ့ပြန်သည်။ နောက်ပိုင်းတွင် ဟိနယာန မထင်ရှားတော့ဘဲ တိမ်မြုပ်ခဲ့ပြီး ယခုအခါ မဟာယာနသာ ထင်ရှားလျက် ရှိနေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

မဟာယာနဂိုဏ်း ထင်ရှားတည်ရှိခဲ့ပြီး နောက်ပိုင်းတွင် မဟာယာန ဂိုဏ်းအတွင်း၌ တန္တရ,မန္တရ အယူအဆက ကြီးစိုးလာခဲ့သည်။

'တန္တရ' ဟူသည် 'ဉာဏ်ပညာ' ဟု အဓိပ္ပာယ်ရသည်။ အချို့က ဂါထာမန္တရား, အင်းအိုင်, ခါးလှည့်, လက်ဖွဲ့စသည်တို့ကို ဖော်ပြသော ကျမ်းစာဟု အဓိပ္ပါယ်ကောက်ကြသည်။ 'တန္တရ' အယူကား ဂါထာ မန္တရားများသည် လောကီဉာဏ်ပညာမှ စ၍ လောကုတ္တရာဉာဏ်ပညာအထိ ရစေနိုင်သည်ဟု ယူဆသော အယူဖြစ်သည်။ တစ်ဖန် ယင်းဂါထာမန္တရား များကို ရွတ်ခြင်းဖြင့် လောကီကောင်းကျိုး ချမ်းသာများကိုသာမက နတ်ရွာ ချမ်းသာမှသည် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာအထိ ရရှိစေနိုင်ပြန်သောကြောင့် 'မန္တရ' ဟူ၍လည်း ခေါ်ပြန်သည်ဟု ဆိုသည်။ အချုပ်အားဖြင့် 'တန္တရ, မန္တရ'ဟူသည် အင်း, အိုင်, ခါးလှည့်, လက်ဖွဲ့, ဗေဒင်, မန္တရား, ဂါထာ, ဂန္ဓာရီ, ဝိဇ္ဇာအကျင့်များအတတ်များပင် ဖြစ်သည်။

နောက်ပိုင်းတွင် အိန္ဒိယတောင်ပိုင်းဘက်၌ မဟာယာန တန္တရ မန္တရ အနွယ် ဝဇိရယာနဂိုဏ်း တစ်ဂိုဏ်း ပေါ်ခဲ့ပြန်သည်။ မြန်မာနိုင်ငံမှ အရည်းကြီးများသည် ယင်း ဝဇိယာနဂိုဏ်း အဆက်အနွယ်များပင် ဖြစ်သည်။ ၎င်းတို့၏ ကျင့်စဉ်မှာ မ ၃ လုံး, မ ၅ လုံးကျင့်စဉ် ဖြစ်သည်။

မ ၃ လုံးကျင့်စဉ်ကား

မဒ္ဒ-သေအရက်သောက်ခြင်း။

မေထုန်-မေထုန် မှီဝဲခြင်း။

မံသ-အသားစားခြင်း ဖြစ်သည်။

မ ၅ လုံး ကျင့်စဉ်ကား ယင်း မ ၃ လုံးကျင့်စဉ်တွင် မစ္ဆာယ-ငါးမျှားခြင်း။

မုဒြ-လက်နေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကမ္မဋ္ဌာန်းထိုင်ခြင်းတို့ ပါဝင်သည်။

အေဒီ ၁၃ ရာစုခန့်တွင် တူရကီမွတ်စလင်တပ် အိန္ဒိယကို ဝင်ရောက် သိမ်းပိုက်သောအခါ မဟာယာနအနွယ်ဂိုဏ်းဝင် ရဟန်းအများစု ခေါင်းဖြတ် အသတ်ခံရပြီး၊ အချို့လည်း လွတ်ရာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရာမှ အိန္ဒိယ တွင် မဟာယာနသာသနာ ကွယ်ခဲ့ရတော့သည်။ ။

□

mgyoe.com

mgyoe.com SAMPLE BOOK

# သီဟိုဠ်သံဃာဂိုဏ်း

အိန္ဒိယနိုင်ငံတွင် သာသနာနှစ် ၂၃၅ ၌ တတိယသံဂါယနာတင်ပြီးနောက် ၉တိုင်း ၉ဌာနသို့ သာသနာပြုစေလွှတ်ရာတွင် အိန္ဒိယပြင်ပ သီဟိုဠ်နှင့် သုဝဏ္ဏဘူမိ၂ဌာန ပါဝင်ခဲ့သည်။

သီဟိုဠ်တွင် ရှင်မဟိန္ဒ ဦးဆောင်သော ရဟန်းတော် ၅ ပါး ရောက်ရှိသာသနာပြုတော်မူပြီးနောက် သံဃာတော်အပေါင်းမှာ ရှင်မဟိန္ဒအနွယ်အဖြစ် ကွဲပြားမှုမရှိဘဲ တည်ရှိခဲ့သည်။ ဤသို့နေလာခဲ့ကြရာ နှစ်ပေါင်း ၂၁၇ နှစ် ၁၀ လ ၁၀ ရက်ကြာသောအခါ သာသနာနှစ် ၄၅၅ (၈၉ ဘီစီ) ၌ ဂိုဏ်းကွဲတစ်ခု ပေါ်လာခဲ့သည်။

ဝဋ္ဋဂါမဏိအဘယမင်းက စစ်အတွင်း၌ မိမိအသက်ကို ကယ်ခဲ့သော အဘယဂိရိကျောင်းဆရာတော် မဟာတိဿမထေရ်အား 'တိတ္ထာရာမ' ခေါ်သော နိဂဏ္ဌတို့၏ အာရာမ်ဟောင်း၌ ကျောင်းဆောက်၍ လှူဒါန်းခဲ့သည်။ ယင်းမထေရ်သည် လူဒါယကာတို့နှင့် ရောပြွမ်းနေထိုင်မှုကြောင့် ရှင်မဟိန္ဒအနွယ်ဖြစ်သော မဟာဝိဟာရဝါသီ သံဃာတော်များက ကံပြု၍ ကြဉ်ဖယ်တော်မူခဲ့ကြသည်။

မဟာဝိဟာရဝါသီ သံဃာတော်များက သာသနာနှစ် ၄၅၀ ၌ စတုတ္ထသင်္ဂါယနာ တင်တော်မူကြသောအခါ၌လည်း ယင်းမထေရ်၏ ဒါယကာဖြစ်သော ဝဋ္ဋဂါမဏိမင်း၏အကူအညီကို မယူဘဲ နယ်စားပယ်စားများ၏ အကူအညီဖြင့် တင်တော်မူခဲ့ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤ၌ သာသနာလင်္ကာရ၌ ဖော်ပြထားသော သာသနာနှစ်နှင့် သင်္ဂါယနာတင်နှစ် - ၂ ရပ် ကွဲလွဲမှု အနည်းငယ်ရှိသည်။ ဝဋ္ဋဂါမဏိမင်းက မဟာတိဿ မထေရ်အားကျောင်းတင်မှုနှင့် မဟာဝိဟာရဝါသီ သံဃာတော်များက ကံပြုကြဉ်ဖယ်မှုများသည် သင်္ဂါယနာတင်သည့် သာသနာနှစ် ၄၅၀ မတိုင်ခင် ဖြစ်ပွားခဲ့ပြီး၊ အဘယဂီရိဂိုဏ်း တည်ထောင်မှုကို သာသနာနှစ် ၄၅၀ တွင် စတင်ခဲ့သည်ဟု ခွဲခြားယူရမည် ဖြစ်သည်။ ထို့ကြောင့် ထိုအချိန်မှစ၍ သီဟိုဠ်တွင် 'မဟာဝိဟာရဝါသီဂိုဏ်း' နှင့် 'အဘယဂိရိဝါသီဂိုဏ်း' ဟူ၍ ဂိုဏ်း ၂ ဂိုဏ်း တည်ရှိလာသည်။

အဘယဂီရိဝါသီဂိုဏ်း သံဃာတော်များသည် မဟာဝိဟာရဝါသီဂိုဏ်း သံဃာတော်များကဲ့သို့ ထေရဝါဒပိဋကတ်တော်များကို သင်ကြားကြသည်မဟုတ်ဘဲ၊ မဟာယာနရှေ့ပြေးဖြစ်သော မဟာသံဃိကဂိုဏ်းအနွယ် ဓမ္မရုစိဂိုဏ်း၏ ဗြာဟ္မဏစာပေဖြစ်သော သက္ကတဘာသာဖြင့် ရေးသားထားသော ပြင်ဆင်ရေးပိဋကတ်တော်များကိုသာ သင်ကြားခဲ့ကြသည်။ ထေရဝါဒဂိုဏ်း သံဃာတော်များသည် မိမိတို့၏ ပိဋကတ်များကို မြတ်စွာဘုရား တားမြစ်ထားတော်မူခဲ့သော သက္ကတဘာသာဖြင့် မရေးဘဲ မာဂဓဘာသာဖြင့်သာ ရေးသားထားတော်မူခဲ့ကြသည်။

မဟာယာနအနွယ် ဂိုဏ်းကွဲရဟန်းတော်များကမူ ဗြာဟ္မဏမင်းများ၏ အကြိုက်ကိုလိုက်၍ မြတ်စွာဘုရားကို ဗြာဟ္မဏတို့၏ ကောင်းကင်စံ ဣသွာရနှင့်ထပ်တူ ကောင်းကင်စံပြုလုပ်ကြပြီး၊ မိမိတို့၏ ပိဋကတ်တော်များကိုလည်း ဗြာဟ္မဏစာပေ သက္ကတဘာသာဖြင့် ရေးသားခဲ့ကြသည်။

သာသနာနှစ် ၉၇၆ (အေဒီ ၄၃၂) ၌ သီဟိုဠ်သို့ ရောက်ရှိခဲ့သော တရုတ်ရဟန်းတော် ဖာဟီယန်သည် ဤအဘယဂီရိဝါသီဂိုဏ်းမှပင် ပိဋကတ်တော်များကို ကူးယူ၍ တရုတ်ပြည်သို့ သယ်ဆောင်သွားခဲ့သည်။

ဖာဟီယန်ထက် ၁၁ နှစ်စောပြီး သာသနာနှစ် ၉၆၅ (အေဒီ-၄၂၀) ၌ သီဟိုဠ်သို့ ရောက်ရှိသော ရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် မဟာဝိဟာရဝါသီဂိုဏ်းမှ ထေရဝါဒပိဋကတ်တော်များကို ကူး၍ သုဝဏ္ဏဘူမိသထုံသို့ သယ်ဆောင်တော်မူခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သာသနာနှစ် ၇၅၇-၈၁၀ (အေဒီ ၂၁၃-၂၆၆) အတွင်း၌ ယင်း အဘယဂီရိဝါသီဂိုဏ်းမှပင် **သာဂလိယဂိုဏ်း** တစ်ဂိုဏ်း ပေါ်လာပြန်သည်။ သို့ရာတွင် သာသနာနှစ် ၈၂၉-၈၄၅ (အေဒီ ၂၈၅-၃၀၁) အတွင်း၌ မဟာသေနမင်းက ဒက္ခိဏာရာမကျောင်းမှ ဆရာတော် ကုဟကတိဿမထေရ်ကို ကြည်ညို၍ ဇေတဝန်ကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းရာမှ၊ သာဂလိယဂိုဏ်းအမည် ပျောက်ပြီး၊ **'ဇေတဝနဝါသီဂိုဏ်း'** အမည်ဖြင့် ထင်ရှားလာတော့သည်။ 'သံဃာအား ဘုရား ယုံခဲ့သည်။' စာအုပ်တွင် ဇေတဝနဝါသီဂိုဏ်းကို သံဃမိတ္တာမထေရ်နှင့် နောက်ပါရဟန်းများ တည်ထောင်ခဲ့သည်။-ဟု ဖော်ပြထားသည်။

ထို့ကြောင့် ထိုအချိန်မှစ၍ မဏိသာရ မဉ္ဇူသာဋီကာနှင့် ကလျာဏီကျောက်စာအရ **'မဟာဝိဟာရဝါသီဂိုဏ်း (ထေရဝါဒ), အဘယဂီရိသီဂိုဏ်း (မဟာယာန), ဇေတဝနာဝါသီဂိုဏ်း (မဟာယာန)'** ဟူ၍ ဂိုဏ်းကြီး ၃ ဂိုဏ်း ကွဲပြားတည်ရှိခဲ့သည်။

သာသနာလင်္ကာရစာတမ်း အလိုအားဖြင့် ယင်း ၃ ဂိုဏ်းနှင့် **'မဟာဝိဟာရဂိုဏ်း'** ဟူ၍ ဂိုဏ်းကြီး ၄ ဂိုဏ်း ကွဲပြားလျက်ရှိကြောင်း သိရှိရသည်။ မဟာဝိဟာရဂိုဏ်းသည် သာသနာနှစ် ၇၈၃ ခု ဘာဂိနေယျဒါဌာပတိမင်းလက်ထက်၌ ပေါ်ပေါက်လာသော ဂိုဏ်းဖြစ်သည်။ မဟာယာန အနွယ်ဂိုဏ်းပင် ဖြစ်သည်။ ထို့ကြောင့် ထိုအချိန် မှစ၍ သီဟိုဠ်တွင် ဓမ္မဝါဒီ မဟာဝိဟာရဝါသီဂိုဏ်းနှင့် အဓမ္မဝါသီဂိုဏ်း ၃ ဂိုဏ်း တည်ရှိခဲ့သည်ဟု သိရှိနိုင်သည်။

ဤသို့အားဖြင့် **'ဓမ္မဝါဒီ, အဓမ္မဝါဒီ'** ဟူ၍ ရောနှောလျက်ရှိခဲ့ရာ အဓမ္မဝါဒီများ ပပျောက်ရေးအတွက် သီရိသင်္ဃဗောဓိမင်း, ဝေါဟာရိကတိဿမင်း, ဂေါဌာဘယမင်းတို့သည် အစဉ်အဆက် ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် ထိရောက်သောအောင်မြင်မှုကို မရရှိခဲ့ပေ။ သာသနာနှစ် ၁၆၉၇-၁၇၃၀ (အေဒီ ၁၁၅၃-၁၁၈၆) တွင် နန်းစံသော မဟာဝိဟာရဝါသီဂိုဏ်း သံဃာများသာ တည်ရှိခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

[ပရက္ကမဗာဟုမင်း နန်းစံနှစ်ကို ဝိသုဒ္ဓိဒဂ် မြန်မာပြန်နိဒါန်း၌ မဟာစည် ဆရာတော်ဘုရားက အထက်ပါအတိုင်း ဖော်ပြထားသည်။]

သာသနာလင်္ကာရစာတမ်းတွင်မူ သီဟိုဠ်သို့ သာသနာတော် ရောက်ရှိပြီးနောက် နှစ်ပေါင်း ၁၄၇၂ နှစ်-မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၁၇၀၈ (အေဒီ ၁၁၆၄) ၌၊နန်းတက်လာသော သဃ်ဗောဓိပရက္ကမဗာဟုရာဇာမင်းက အဓမ္မဝါဒီများပပျောက်အောင် ဆောင်ရွက်ခဲ့သည်ဟု ဖော်ပြထားသည်။ ယင်းမင်းနှင့်ခေတ်ပြိုင်ပုဂံတွင် နရပတိစည်သူမင်း (အေဒီ ၁၁၇၄-၁၂၁၁) နန်းစံလျက်ရှိပြီး သဃ်ဗောဓိပရက္ကမဗာဟုရာဇာမင်း၊ ဝိဇယဗာဟုမင်း၊ ဝိဇယဗာဟုမင်း၊ ပရက္ကမဗာဟုမင်း-မင်း ၃ ပါး လက်ထက်တွင် သာသနာတော် အထူးစင်ကြယ်ကြောင်း။ ဖော်ပြထားသည်။

ဝံသဒီပနီတွင်မူ သာသနာနှစ် ၁၇၀၈ တွင် နန်းတက်သော သီရိသဃ်ဗောဓိပရက္ကမဗာဟုမင်း၊ သာသနာနှစ် ၁၇၄၁ တွင် နန်းတက်သော ဝိဇယဗာဟုမင်း၊ သာသနာ ၁၇၅၁ တွင် နန်းတက်သော ပရက္ကမဗာဟုမင်း၊ ၎င်းနောက် နန်းတက်သော ဘုဝနေကဗာဟုမင်း-ဟူသော ဗာဟုမင်း ၄ ဆက်စိုးစံသော နှစ်ပေါင်း ၂၉၄ နှစ်အတွင်း သာသနာတော် အထူးသန့်ရှင်းကြောင်း၊ ဟံသာဝတီ ရာမဓိပတိ ဓမ္မစေတီမင်းလက်ထက်တွင် သီဟိုဠ်၌ မဟာဝိဟာရဝါသီဂိုဏ်းတစ်ခုတည်းသော သာသနာနှစ် ၈၄၁ မှ ၂၀၁၁ တိုင်အောင် သာသနာတော် သန့်ရှင်းစင်ကြယ်စွာ ပညတ်တော်နှင့်အညီ ထွန်းလင်းလျက်ရှိကြောင်း။ ဖော်ပြထားသည်။

ယနေ့ သီဟိုဠ်တွင်တည်ရှိနေသော သံဃာ့ဂိုဏ်းကြီး ၃ ဂိုဏ်းမှာ စိနဂိုဏ်း၊ အမရပူရဂိုဏ်း၊ ရာမညဂိုဏ်းတို့ ဖြစ်သည်။ ဂိုဏ်း ၃ ဂိုဏ်း စလုံးပင် ထေရဝါဒများ ဖြစ်သည်။ ဆရာကို အစွဲပြု၍ ဂိုဏ်းကွဲနေကြခြင်း ဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံက ချီးမြှင့်သော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူသော သီရိလင်္ကာနိုင်ငံ အာနန္ဒာ တက္ကသိုလ်မှ သက်ဟောင်း ၁၀၀ နှစ်ရှိ မေတ္တယျမထေရ်မြတ်၏ မိန့်ကြားချက်အရ၊ 'သီရိလင်္ကာနိုင်ငံတွင် လွန်ခဲ့ရာ ရာစုနှစ်များက သီဝလိကိုးကွယ်

mgyoe.com SAMPLE BOOK

သော ဘုရင်တစ်ပါးကြောင့် ဗုဒ္ဓဘာသာလုံးလုံးကွယ်ပျောက်ခဲ့ရကြောင်း။ ဘုရင်က ရဟန်းအားလုံးကို သတ်၍ ဗုဒ္ဓဘာသာလုံးလုံးကွယ်ပျောက်ခဲ့ရကြောင်း။ ဘုရင်က ရဟန်းအားလုံးကို သတ်၍ ဗုဒ္ဓဘာသာကို ဖျက်ခဲ့ကြောင်း။ ဗုဒ္ဓစာပေအားလုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း။ သီဟိုဠ်ဘာသာနှင့် ပါဠိစာပေအားလုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့သောကြောင့် ပိဋကတ် ၃ ပုံ, အဋ္ဌကထာ, ဋီကာအားလုံး သီဟိုဠ်ဘာသာ, ပါဠိဘာသာ စာပေအားလုံး ဆုံးရှုံးခဲ့ရကြောင်း။ ရာစုနှစ်တစ်ခုလောက်အထိ ဗုဒ္ဓစာပေ ပျောက်ကွယ်ခဲ့ရသည့်အပြင် ရဟန်းလည်း တစ်ပါးမျှ မရှိကြောင်း။ ရာစုနှစ်တစ်ခုလောက်ကို ကျော်လွန်လာပြီးနောက် 'ကိတ္တိသီရိရာဇာမင်း' ခေါ်သော မင်းနန်းစံသောအခါ 'ရှရဏ်နာခါ' ဆိုသောပုဂ္ဂိုလ်က သီရိလင်္ကာနိုင်ငံ၏ ဗုဒ္ဓဘာသာအခြေအနေကို ဘုရင့်ထံ တင်ပြခဲ့ရာ၊ ဘုရင်၏ ခွင့်ပြုချက်အရ ထိုင်းနိုင်ငံမှ ရဟန်းတော်များကို ပင့်လျှောက်ရာ ဥပါလိမထေရ်ဦးဆောင်သော ရဟန်းတော်အပါး ၂၀ ကြွရောက်၍ သာသနာပြုတော်မူခဲ့ကြောင်း။ သီဟိုဠ်သားများစွာကလည်း ရှင်ပြု, ရဟန်းခံကြခြင်းဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြကြောင်း။ ယင်း ထိုင်းရဟန်းတော်အဆက်အနွယ်များကို **'စိနနိကာယ (ရှမ်း) ဂိုဏ်း သံဃာတော်များ'** ဟု ခေါ်ကြောင်း။

အချို့က မြန်မာနိုင်ငံ အမရပူရာဘုရင်နှင့် သံဃရာဇာထံ သွားရောက် ရဟန်းခံပြီး သီဟိုဠ်ပြန်ရောက်သောအခါ၊ အမရပူဂိုဏ်းကို တည်ထောင်ခဲ့ကြောင်း။ အချိန်အတော်ကြာသောအခါ၊ 'ဗပဟာဝတ္တေသရဏာကံရ' ဆိုသော ရတနာ ၃ ပါး ကြည်ညိုသည့်ပုဂ္ဂိုလ်တစ်ဦးက မြန်မာနိုင်ငံတောင်ပိုင်း ရာမညတိုင်းကိုရောက်၍ ၎င်းနှင့်လိုက်ပါလာသော လူအချို့နှင့်အတူ ရဟန်းဘောင်ဝင်ပြီး သီဟိုဠ်ပြန်ရောက်သောအခါ <u>ရာမညနိကာယဂိုဏ်း</u> ကို တည်ထောင်ခဲ့ကြောင်း။ သိရှိရသည်။

အထက်ဖော်ပြပါ ဂိုဏ်း ၃ ဂိုဏ်းအနက် ရာမညနိကာယဂိုဏ်းသည် ထင်ရှားပေါ်လွင်သောဂိုဏ်း ဖြစ်သည်။ မြန်မာနိုင်ငံရှိ အရညနိကာယဂိုဏ်းသည် ထင်ရှားပေါ်လွင်သော ဂိုဏ်း ဖြစ်သည်။ မြန်မာနိုင်ငံရှိ အရညဝါသီ ရွှေကျင်အနွယ် တောဂိုဏ်းရဟန်းတော်များဖြင့် ရဟန်းအဖြစ်ကို ခံယူခဲ့သော ဂိုဏ်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့အားဖြင့် သီဟိုဠ်ရဲ့တွင် ဤဂိုဏ်း ၃ ဂိုဏ်းဖြင့် သာသနာတော် ပြန်လည်ထွန်းကားလာခြင်း ဖြစ်သည်။

ရဟန်းတော်အချို့က မြန်မာနိုင်ငံသို့ ကြွရောက်တော်မူခဲ့ကြရာတွင် သက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ သာမဏေ ၆ ပါးနှင့် ဥပါသကာ ၁ ဦးတို့သည် ဘိုးတော်ဘုရားလက်ထက် သာမဏေ ဝတ်ခဲ့သည်။ သီဟိုဠ် ပြန်ရောက်ကြသောအခါ အမရပူရဂိုဏ်းကို စတင် တည်ထောင်တော်မူခဲ့ ကြသည်။

တစ်ဖန် သီဟိုဠ်ကျွန်း ကတဝေဠုရွာ၌ သာသနာနှစ် ၁၂၉၅ တွင် ဖွားမြင်ခဲ့သော အရှင်ဂုဏရတနတိဿမထေရ်သည် ရှမ်းဂိုဏ်းမှ ရဟန်း ဖြစ်လာခြင်းကို သံသယဖြစ်သဖြင့်၊ သာသနာနှစ် ၁၃၅၀ တွင် 'ရှင်ကလျာဏ တိဿ, ရှင်ဓမ္မရတနာ, ရှင်ဓမ္မသာရ' ဟူသော သာမဏေ ၃ ပါးနှင့်အတူ မြန်မာနိုင်ငံသို့ ကြွရောက်၍ ပဲခူးကလျာဏီသိမ်၌ မူလသိက္ခာကိုစွန့်ပြီး ရဟန်းအဖြစ်ကို ပြန်လည်ခံယူခဲ့သည်။ သီဟိုဠ်ပြန်ရောက်သောအခါ <u>ကလျာ ဏီဝံသနိကာယဂိုဏ်း</u> ကို တည်ထောင်၍ သာသနာပြုတော်မူခဲ့သည်။ နောက်ပိုင်းတွင် သီဟိုဠ်ရဟန်းများစွာလာ၍ ကလျာဏီသိမ်တွင် ရဟန်းသစ် အဖြစ် ခံယူတော်မူခဲ့ကြသည်။ ကလျာဏီသာသနာဝင်ကျမ်းအရ '၁၈ ပါး ရှိသည်' ဟု သိရှိရသည်။

ကလျာဏီဝံသနိကာယအနွယ် ရဟန်းတော်များသည် သီဟိုဠ်တွင် နှစ်ပေါင်းများစွာ သာသနာပြုလျက်ရှိတော်မူကြရာ ထင်ရှားသော မထေရ် အမြောက်အမြား ပေါ်ထွန်းခဲ့သည်။ ကလျာဏီသာသနာဝင်ကျမ်းအရ ၃၃ ပါးရှိသည်' ဟု သိရှိရသည်။ ယင်းဆရာတော်များအပြင် ရာမညနိကာယ ဂိုဏ်းကို တည်ထောင်တော်မူခဲ့သော ရဟန်းတော်တစ်ပါးလည်း ပေါ်ပေါက် လာခဲ့သည်။ ဆရာတော် အရှင်ဣန္ဒာသဘာသာမိဝရဉာဏမထေရ်ပင် ဖြစ် သည်။ ဤအရှင်သည် သီဟိုဠ်ကျွန်း ဂါလ်မြို့နယ် အမ္ဗဂဟာဝတ္တေရွာ၌ သာသနာနှစ် ၂၃၇၆ – ခရစ်နှစ် ၁၈၃၂ ၌ ဖွားမြင်တော်မူပြီး သက်တော် ၁၄ နှစ်၌ သာမဏေဝတ်၍ သက်တော် ၂၃ နှစ်တွင် ရှမ်းဂိုဏ်း၌ ရဟန်းခံ ခဲ့သည်ကို သံသယရှိ၍ ဇေန္တရအရှင်အတ္တဒဿီမထေရ်ကို ရှေ့ဆောင်

mgyoe.com

mgyoe.com SAMPLE BOOK

ပြုလျက် မူလသိက္ခာကို စွန့်ပြီး သီဟိုဠ်ကျွန်း ကလျာဏီနဒီတွင် ထပ်မံ၍ ရဟန်းခံတော်မူခဲ့သည်။

ဆရာတော်သည် ဤသို့ ထပ်မံ ရဟန်းခံခဲ့သည်ကိုလည်း သံသယ စိတ်မပြေပျောက်သေးသဖြင့် သာသနာနှစ် ၂၄၀၅ ၌ နောက်ပါရဟန်း ၇ ပါးနှင့်အတူ မြန်မာနိုင်ငံသို့ ကြွရောက်တော်မူပြီး သာသနာပိုင် မောင်း ထောင်ဆရာတော်ကို အကြီးအမှူးပြု၍ ထပ်မံ ရဟန်းခံတော်မူခဲ့ပြန်သည်။ ဘွဲ့အမည်မှာ 'အရှင်သရဏင်္ကရ' အစား 'အရှင်ဣန္ဒာသဘာသာမိဝရဉာဏ' ဟု ပြောင်းလဲ ပေးတော်မူခဲ့ကြသည်။ သီဟိုဠ်သားများကမူ ဇာတိရွာအမည် နှင့် ပေါင်းစပ်ပြီး အမ္ဗဂဟာဝတ္တေ အရှင်ဣန္ဒာသဘာသာမိဝရဉာဏဟု ခေါ်ခဲ့ကြသည်။ ဆရာတော်သည် အမရပူရ၌ ရဟန်းထပ်မံခံယူခဲ့ပြီး ဖြစ် သော်လည်း ရောင့်ရဲမှုမရှိသေးသဖြင့် ပဲခူးသို့ ကြွတော်မူပြီး ရာမညဂိုဏ်း သံဃနာယက ရာဇဂုရု အရှင်မေဓာနန္ဒဓဇ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဲခူးတောရဂိုဏ်း သံဃာတော်များဖြင့် ကလျာဏီသိမ်၌ ရဟန်းခံတော်မူ ပြီးနောက် သာသနာနှစ် ၂၄၀၆ တွင် သီဟိုဠ်ပြန်၍၊ သာသနာနှစ် ၂၅၀၉ ၌ ဂိုဏ်းတည်ထောင်မှု ရာပြည့်အခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ကျင်းပတော်မူခဲ့ကြောင်း သိရှိရပါသည်။ ။

□

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာနိုင်ငံ သံဃာဂိုဏ်း

မြန်မာနိုင်ငံ သာသနာသည် သုဝဏ္ဏဘူမိမှ အစပျိုး စည်ပင်လာသော သာသနာဖြစ်သည်။ သာသနာနှစ် ၂၃၅ (၃၁၀-ဘီစီ) ခန့်တွင် တတိယ သင်္ဂါယနာတင်ပြီးနောက် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဦးဆောင်သော သင်္ဂါယနာတင်မထေရ်များက သီရိဓမ္မာသောကမင်းနှင့် တိုင်ပင်ပြီး ၉ တိုင်း ၉ ဌာနသို့ သာသနာပြုစေလွှတ်ရာတွင်၊ သုဝဏ္ဏဘူမိသို့ သောဏ ထေရ် ဦးဆောင်သော ရဟန်းတော် ၅ ပါး ကြွရောက်သာသနာပြုခဲ့သော ကြောင့် သာသနာတော် အမြစ်တွယ်ခဲ့ခြင်း ဖြစ်သည်။ ဤသုဝဏ္ဏဘူမိသာသနာ သည် နှစ်ပေါင်း ၁၀၀၀ ကျော်အထိ အကွဲအပြားမရှိဘဲ သာသနာပြု ထေရ်ရှင်တို့၏ အဆက်အနွယ်တစ်ခုတည်းဖြင့် ပကတိစင်ကြယ်ခဲ့သည်။

နှစ်ပေါင်း ၁၀၀၀ ကျော်၍ အေဒီ ၁၁ ရာစုသို့ ရောက်သောအခါ သုဝဏ္ဏဘူမိသထုံမှ သောဏထေရ်၊ ဥတ္တရထေရ်တို့၏ အဆက်အနွယ် အရှင်အရဟံ ခေါ်သော အရှင်ဓမ္မဒဿီမထေရ်မြတ် ပုဂံသို့ သာသနာပြု ကြွတော်မူခဲ့သည်။ ထိုအချိန်တွင် ပုဂံ၌ အနော်ရထာမင်း စိုးစံနေသောအချိန် ဖြစ်သည်။ သရေခေတ္တရာ၊ ဗိဿနိုးခေတ်တို့မှစ၍ ပုဂံအနော်ရထာမင်း လက်ထက်တိုင် အရည်းကြီးသာသနာ ထွန်းကားခဲ့သည်။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရန် ရှင်အရဟံမထေရ်မြတ်က ပုဂံသို့ ကြွရောက်သာသနာပြုတော်မူခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်အရဟံက ဓမ္မစက်ဖြင့် သာသနာပြုမှုသည်ကို အနော်ရထာမင်းက အာဏာစက်ဖြင့် အရည်းကြီးများကို သုတ်သင်ရှင်းလင်းပစ်ခဲ့ရာ ဂိုဏ်းဆရာ ၃၀ နှင့် တပည့် ၆ သောင်းတို့ကို လူဝတ်လဲစေခဲ့သည်။ ထို့ကြောင့် ပုဂံတွင် ထိုအချိန်မှစ၍ ထေရဝါဒဗုဒ္ဓသာသနာ စတင်ထွန်းကားခဲ့သည်။

ထိုအချိန်တွင် ပုဂံ၌ ရှင်အရဟံနှင့်အတူ တွဲဖက်သာသနာပြုတော်မူခဲ့ကြသော ဆရာတော်များမှာ ရှင်ဉာဏ, ရှင်အာနန္ဒာ, ရှင်သီလဗုဒ္ဓိတို့ ဖြစ်ကြသည်။ ယင်းဆရာတော်များနှင့် နောက်ဆရာတော်များက ဆက်လက်သာသနာပြုတော်မူခဲ့သောကြောင့် ပုဂံတွင် ထေရဝါဒဗုဒ္ဓသာသနာမှာ စည်ပင်ပြန့်ပွားလာရတော့သည်။ သံဃာတော်များမှာလည်း ကွဲပြားမှုမရှိဘဲ သထုံဝံသ (သထုံနွယ်) ဂိုဏ်းသံဃာများသာ တည်ရှိခဲ့သည်။ အနော်ရထာ, စောလူး, ကျန်စစ်သားမင်း, အလောင်းစည်သူမင်းတို့ လက်ထက်တွင် သာသနာတော်ကို များစွာ ချီးမြှောက်တော်မူခဲ့ကြသဖြင့် သံဃာတော်များ ချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူနိုင်ခဲ့ကြသည်။

သက္ကရာဇ် ၅၂၉ (အေဒီ-၁၁၆၇) ခန့်တွင် အလောင်းစည်သူမင်း နတ်ရွာစံပြီးနောက် 'နရသူ' ခေါ် ကုလားကျမင်း ၃ နှစ် နန်းစံခဲ့သည်။ ရက်စက်ကြမ်းကြုတ်ပြီး သာသနာတော်ကို ရိုသေမှုမရှိသောကြောင့် ရဟန်းသံဃာတော်အချို့မှာ သီဟိုဠ်သို့ပင် ရှောင်တိမ်းတော်မူခဲ့ကြရသည်။

သက္ကရာဇ် ၅၃၆ (အေဒီ-၁၁၇၄) ၌ နရပတိစည်သူမင်း နန်းစံခဲ့သည်။ ယင်းမင်းလက်ထက်၌ မင်းဆရာဖြစ်တော်မူသော သာသနာပြု ရှင်ဥတ္တရာဇီဝမထေရ်မြတ်သည် သီဟိုဠ်သို့ ကြွတော်မူရာတွင် ပုသိမ်မှ ဆပဒသာမဏေ ပါသွားခဲ့သည်။

**မဟာဒွါရနိကာယနှင့် သာသနာဝံသဒီပနီတွင် ကုလားကျမင်းခေါ် နရသူမင်းလက်ထက်၌ ကြွသွားတော်မူခြင်း ဖြစ်ကြောင်း ဆိုထားသည်။ ဟု ဗုဒ္ဓရောင်ခြည်နှင့် ပုဂံမြို့စာအုပ်တွင် ဖော်ပြထားသည်။**

ရှင်ဥတ္တရာဇီဝကား သထုံမှ ပုဂံသို့ ကြွရောက်သာသနာပြုသော ၃ ဆက်မြောက် ဆရာတော်ဖြစ်သည်ဟု ဆိုသည်။ ရှင်ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်မှ ပုဂံသို့ ပြန်ကြွသောအခါ ဆပဒသာမဏေသီဟိုဠ်တွင်

mgyoe.com

mgyoe.com SAMPLE BOOK

ကျန်ရစ်ခဲ့သည်။ သီဟိုဠ်တွင် ရဟန်းဖြစ်၍ ၁၁ နှစ်ကြာ နေထိုင်ပြီးနောက် ပုဂံသို့ ပြန်ကြသောအခါ သီဟိုဠ်သား 'သီဝလိ၊ အာနန္ဒာ၊ တာမလိန္ဒ၊ ရာဟုလာ'ဟူသော ရဟန်းတော် ၄ ပါးလည်း လိုက်ပါလာခဲ့သည်။ တာမလိန္ဒမထေရ်ကား ထိုင်းမင်းသား ဖြစ်သည်။

ဆပဒမထေရ် ပုဂံသို့ ပြန်ရောက်ချိန်တွင် ဆရာတော် ဥတ္တရာဇီဝမထေရ်မှာ ပျံလွန်တော်မူပြီး ဖြစ်သည်။

နရပတိစည်သူမင်းသည် သီဟိုဠ်ပြန် ဆပဒမထေရ်နှင့် သီဟိုဠ်ရဟန်းတော် ၄ ပါးကို အလွန်ကြည်ညိုခဲ့သည်။ ဆပဒမထေရ်နှင့် သီဟိုဠ်ရဟန်းတော်များကလည်း ဂိုဏ်းခွဲ၍ သီးခြား ကံပြုတော်မူခဲ့ကြသည်။ ထို့ကြောင့် ပုဂံသို့ ထေရဝါဒဗုဒ္ဓသာသနာတော် စတင်ရောက်ရှိချိန်မှ ၁၇၃ နှစ်မြောက်တွင် '<u>သထုံဝံသ (သထုံနွယ်) ဂိုဏ်း</u> နှင့် <u>သီဟိုဠ်နွယ်ဂိုဏ်း</u>' ဟူ၍ သံဃာဂိုဏ်း ၂ ဂိုဏ်း စတင် ကွဲပြားလာခဲ့တော့သည်။

ဆပဒမထေရ် ပျံလွန်တော်မူပြီးနောက် ကျန် သီဟိုဠ်ရဟန်းတော် ၃ ပါးမှာ တစ်ပါး တစ်ဂိုဏ်းစီ ကွဲသွားပြန်သဖြင့်၊ ပုဂံတွင် <u>မူလသထုံနွယ်ဂိုဏ်း</u>၊ <u>သီဝလိထေရ်ဂိုဏ်း</u>၊ <u>တာမလိန္ဒထေရ်ဂိုဏ်း</u>၊ <u>အာနန္ဒာထေရ်ဂိုဏ်း</u> ဟူ၍ သံဃာဂိုဏ်း ၄ ဂိုဏ်း ဖြစ်လာသည်။ သီဟိုဠ်သံဃာ ၄ ပါးအနက် ရာဟုလာမထေရ်မှာ မလေးရှားသို့သွားပြီး လူထွက်သွားသဖြင့်၊ သီဟိုဠ်သံဃာ ၃ ပါး ကျန်ရှိခြင်းဖြစ်သည်။

မြင်စိုင်း၊ ပင်းယခေတ် သက္ကရာဇ် ၆၈၄ ၌ နန်းတက်သော ဥစ္စနာမင်းသည် သက္ကရာဇ် ၇၀၂ ခုနှစ်-သာသနာနှစ် ၁၈၈၄ - အေဒီ ၁၃၄၀ ခန့်၌ '<u>ပုရိမသံဃာ' ဟု ခေါ်သော သထုံနွယ်ဂိုဏ်း သံဃာတော်များအတွက် ကျောင်း ၂ ကျောင်း၊ 'ပစ္ဆိသံဃာ' ခေါ်သော သီဟိုဠ်နွယ်သံဃာအတွက် ကျောင်း ၅ ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ စံကားသားဖြင့် ဆောက်လုပ်ထားသောကြောင့် 'စကား ၇ ကျောင်း' ဟူ၍ တွင်ခဲ့သည်။</u> ယင်းစံကားကျောင်းနေရဟန်းတော်များသည် လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်ခဲ့ကြသည် မှန်သော်လည်း နောက်ပိုင်း၌ ရဟန်းတော်အချို့က ဝိနည်းတရားတော်နှင့် မညီသောလုပ်ရပ်များကို ပြုလုပ်လာကြသည်။ အနော်ရထာမင်း

mgyoe.com

mgyoe.com SAMPLE BOOK

လက်ထက်က ဖိနှိပ်ခံခဲ့ကြရသော အရည်းကြီးများမှာ အခွင့်သာ၍ ပြန်လည်ခေါင်းထောင်လာသောကြောင့် သာသနာ့အညစ်အကြေး ပြန်လည်ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။-ဟု ဆိုသည်။

ထို့ကြောင့် ယင်းလုပ်ရပ်များကို မနှစ်သက်သော ရှင်သာသနဓရနှင့် ရှင်ပရက္ကမ ညီနောင်တို့သည် စံကားကျောင်းမှ ထွက်ခွာပြီး၊ တူးရွှင်းတောင်ခြေတွင် ရှင်သာသနဓရနေထိုင်ကာ တောင်ဘီလူးကုန်း စစ်ကိုင်းချောက်များတွင် ရှင်ပရက္ကမညီနောင်တို့ သီတင်းသုံး နေထိုင်ခဲ့ကြသည်။ ထို့ကြောင့် ထိုအချိန်မှစ၍ မြို့ရွာနေ ဂါမဝါသီ (ဗဟုစာရ) ဂိုဏ်းနှင့် တောနေ အရညဝါသီ (ဧကာစာရ) ဂိုဏ်း ဟူ၍ ၂ ဂိုဏ်း ကွဲခဲ့ပြန်သည်။

မြို့ရွာနေ ဂါမဝါသီများကို 'ပွဲကျောင်း' ဟူ၍လည်း ခေါ်သည်။ ပွဲကျောင်းသို့ အရည်းကြီးအဆက်အနွယ်များ ဝင်ရောက်လာကြသဖြင့် ပွဲကျောင်းရဟန်းများမှာ အလဇ္ဇီဒုဿီလများ ဖြစ်လာကြသည်။

တစ်ဖန် အောက်မြန်မာနိုင်ငံ ရာမညတိုင်းတွင်လည်း သံဃာတော်များ ဂိုဏ်းကွဲလျက် ရှိနေကြောင်းကို တွေ့ရှိရသည်။ သက္ကရာဇ် ၈၂၄ ခုနှစ်တွင် နန်းတက်သော ဓမ္မစေတီမင်း (အေဒီ ၁၄၆၀-၁၄၉၂) လက်ထက်တွင် ကံကြီးကံငယ် သီးခြားစီပြုနေကြသော ဂိုဏ်း ၆ ဂိုဏ်း ကွဲလျက်ရှိသည်။ မုတ္တမမှ ကမ္ဘောဇသံဃာတစ်ဂိုဏ်း, သီဝလိထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်းတစ်ဂိုဏ်း, တာမလိန္ဒထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်း တစ်ဂိုဏ်း, အာနန္ဒာထေရ် အဆက်အနွယ် သီဟိုဠ်ဂိုဏ်း တစ်ဂိုဏ်း, မုတ္တမမှ သီဟိုဠ်ပြန် မဟာနာဂမထေရ် အဆက်အနွယ် သီဟိုဠ်တွင် စင်ကြယ်သော မဟာဝိဟာရဝါသီဂိုဏ်း သံဃာတော်များဖြင့် ကလျာဏီမဟာနဒီသိမ်တွင် ရဟန်းသစ်အဖြစ် ခံယူတော်မူခဲ့ကြသော စင်ကြယ်သောရဟန်းတော်များဖြင့် ပဲခူးတွင် ကလျာဏီသိမ်နှင့် အခြားရာမညဒေသများတွင် ကလျာဏီနွယ်သိမ်များကို သမုတ်ပြီးနောက်၊ ရာမညတိုင်းအတွင်းရှိ ရဟန်းတော်အားလုံးကို ယင်းကလျာဏီသိမ်နှင့် ကလျာဏီနွယ်သိမ်များတွင် ရဟန်းသစ်အဖြစ် ခံယူစေခဲ့သည်။ ထို့ကြောင့် ဂိုဏ်းကွဲများ ပပျောက်ပြီး ကလျာဏီနွယ်ဂိုဏ်းတစ်ဂိုဏ်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အထက် မြန်မာနိုင်ငံတွင် 'အရုဝါသီ, ဂါမဝါသီ' ဟူ၍ ဂိုဏ်း ၂ ဂိုဏ်း ကွဲခဲ့ပြီးနောက်၊ တောနေ အရုဝါသီဂိုဏ်း သံဃာတော်များတွင် 'တုံဂိုဏ်း, ရုံဂိုဏ်း' ဟူ၍ ထပ်မံ ကွဲပြားလာခဲ့ပြန်သည်။

ညောင်ရမ်း (ဒုတိယအင်းဝ) ခေတ်မာရ်အောင် ရတနာဘုရား ဒါယကာ စနေမင်း-အေဒီ ၁၆၉၈-၁၇၀၄ ခုနှစ် လက်ထက်၌ အနောက် တုံရွာကျောင်းနေရှင်ဂုဏာလင်္ကာရသည် သာမဏေတို့ကို ရွာဝင် ရွာသွား သော် သင်္ကန်းမရုံဘဲ တစ်ဘက်လက်ကန်တော့ တင်စေ၍ ဦးထုပ်, တစ်ဘက်ကို မဆောင်း, မကိုင်စေဘဲ၊ ယပ်ကိုသာ ကိုင်စေလျက် တုံတောနေ ဂိုဏ်းကို တည်ထောင်ခဲ့သည်။

ထိုအခါ တောင်ငူမြို့ ရှင်ဗုဒ္ဓင်္ကုရ ရှင်စိတ္တ, တပယင်း မြို့ကျေးရွာ ရှင်သုနန္ဒ, တရုတ်မြို့ ငရဲဆိုးရှင်ကလျာဏတို့က သာမဏေတို့ရွာဝင်သော အခါ တစ်ဘက်လက်ကန်တော့မတင်စေဘဲ ဦးထုပ် တစ်ဘက် မဆောင်း, မကိုင်စေဘဲ ယပ်ကိုသာ စွဲကိုင်စေလျက် 'အရုံတောနေဂိုဏ်း' ကို တည် ထောင်ခဲ့သည်။

ထိုအခါ ညောင်စဉ်ရွှေကျောင်းဆရာတော်က 'ဦးထုပ်, ဒေါက်ချာ မဆောင်း။ အညွန့်အသား မင်္ဂလာမရှိသောရဟန်းများကို မနေစေနှင့်' ဟု ဆိုကာ တောနေရဟန်းများ၏ ကျောင်းကန်များကို ဖျက်ဆီးခဲ့ကြ သဖြင့် တောနေရဟန်းများ ထွက်သွားခဲ့ကြရသည်။

တစ်ဖန် ဂါမဝါသီ ရဟန်းများသည် ဆင်ကဲရွာအနောက်တောင် တောကျောင်းနေ ရဟန်း ၅၀ ကျော်ကိုလည်း 'နှင်ထုတ်မည်' ဟု နှိုးဆော် ကြပြန်သဖြင့် စနေမင်းက 'အရုဝါသီ, ဂါမဝါသီရဟန်းတို့သည် မွေ့လျော် ရာ နေထိုင်ကြစေ၊' ဟု အမိန့်ထုတ်သောကြောင့် အရုံတောနေဂိုဏ်း ရဟန်း တော်များ ချမ်းသာရာ ရခဲ့ကြသည်။

ထိုအချိန်မှစ၍ တောနေဂိုဏ်းရဟန်းတော်များတွင် တုံ (အတင်) ဂိုဏ်းနှင့် အရုံဂိုဏ်း - ၂ ဂိုဏ်းကွဲပြားလာပြီး၊ 'သူမှန်ကိုယ်မှန်' အငြင်းပွား လာခဲ့ရာ ကုန်းဘောင်ခေတ်လယ် ဘိုးတော်ဘုရား အေဒီ ၁၇၈၂-၁၈၁၉ လက်ထက်တိုင် ဖြစ်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘိုးတော်ဘုရားလက်ထက်တွင် အတုလသယဆရာတော်က 'သာမဏေများ သင့်ကြောင်း။' ဂဏ္ဌိကျမ်းဂန် အထောက်အထားတင်လာသဖြင့် ဘိုးတော်ဘုရားက အတုလယသဆရာတော်အား 'သုဓမ္မာဇရပ်တွင် စာမေးဆရာတော်တို့နှင့် မျက်နှာစုံညီ ဆွေးနွေးဟောပြောစေ' ဟု အမိန့်ချမှတ်ခဲ့သည်။

သုဓမ္မာဇရပ်တွင် မျက်နှာစုံညီ ဆွေးနွေးဟောပြောကြရာတွင် 'အတုလယသဆရာတော် လိမ်လည်တင်ပြခြင်းဖြစ်ကြောင်း။' ပေါ်လွင်လာသဖြင့်၊ ဘိုးတော်ဘုရားက အတုလယသဆရာတော်အား ပိတ်ဖြူဝတ်စေ၍ ဇရာဝတီမြစ်တွင် ဖောင်ပေါ်တင် မျှောခဲ့သည်။

ဝံသဒီပနီ၌ 'ထင်ရှားအောင် လူဝတ်လဲ၍ မောင်းထောင်ကျော်ပြီးမှ မိမိရပ်ရွာသို့ နှင်ထုတ်ခဲ့သည်' ဟု ဆိုသည်။ ။'

ကဝိသာရမဥ္ဇူသာ၌မူ အတုလယသထေရ် - လူအမည် ဦးပန်းထွေးကို ကြက်၊ ငှက် တိရစ္ဆာန်တို့ကဲ့သို့ လှောင်၍ အဝတ်မပါ ဗလာကိုယ်ထီးလာပြီး လှေဦးတွင် ခြင်းကြားအုပ်ဆောင်းလှောင်ကာ၊ စလောင်းဖုံးဖြင့် ကျွေးမွေးကာ၊ 'အတုလဘွဲ့ခံ ငယ်နာမည် ဦးပန်းထွေး' ဟု စာလုံးကြီးကမ္ပည်းရေး၍ ဓား၊ လှံ ကာရံလျက် အောက် သရက်မြို့ရောက်အောင် ဇရာဝတီမြစ်ကြောင်းအလိုက် စုန်မျှော ပို့လွှတ်စေခဲ့ကြောင်း။ 'ရောက်ရာဆိပ်ကမ်းတို့၌လည်း မြို့သူမြို့သားတို့ကို ထွက်၍မေးရန်' အမိန့်တော်ဆင့်ဆိုထားသောကြောင့် ''ဓားရောင်လှံရောင်၊ ပြိုးပြိုးပြောင်၊ အမောင် ဘယ်သူပေလဲ။' ဟု မေးကြရကြောင်း။ ထိုအခါ လှေပေါ်ပါ အမှုထမ်းတို့က 'ဝိနည်းတတ်ယောင်၊ ဂဏ္ဌိဆောင်၊ နှာယောင်ကောက်နှင့် လူမည်းမည်း'။ ဟု ဖြေ၍ သွားကြရကြောင်း။ သရက်မြို့တစ်ဘက် အာလံကျွန်းဆွယ်တွင် လွှတ်ခဲ့ကြကြောင်း။ - ဖော်ပြထားသည်။

ထို့ကြောင့် တုံဂိုဏ်း၊ ရုံဂိုဏ်း-အဓိကရဏ်းသည်လည်း ထိုအချိန်မှစ၍ ငြိမ်းခဲ့ရတော့သည်။ ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## မင်းအဆက်ဆက် ကိုးကွယ်ခဲ့သော သံဃရာဇာဆရာတော်ကြီးများ

'သံဃရာဇာ' ဝေါဟာရသည် သာသနာပိုင်မင်းဆရာတော်ကြီးများ ပေါ်ထွန်းလာခြင်း မရှိမီကပင် ဖြစ်ပေါ်ခဲ့သော ဝေါဟာရတစ်ရပ် ဖြစ်သည်။

မြင်စိုင်း၊ ပင်းယခေတ်-တစ်စီးရှင် သီဟသူမင်းသားတော် အိမ်ရှေ့မင်း ဥစ္စနာမင်း ကောဇာသက္ကရာဇ် ၆၈၄-၇၀၄၊ အေဒီ ၁၃၂၂-၁၃၄၂က သက္ကရာဇ် ၇၀၂ တွင် <u>သထုံနွယ်ဂိုဏ်း</u>နှင့် <u>သီဟိုဠ်နွယ်ဂိုဏ်း</u> သံဃာတော်တို့အား စံကား ၇ ကျောင်းကို ဆောက်လုပ်လှူဒါန်းပြီး၊ ယင်းကျောင်းများအတွက် ဝတ္တုကံ၊ ဝတ်မိုးမြေ၊ အလုပ်အကျွေး၊ အာရာမ်စောင့်များကိုပါ လှူဒါန်းခဲ့သည်။ ဥစ္စနာမင်းက ဝတ်မိုးဝတ်မြေများကို ဤသို့ အများအပြား လှူခဲ့သောကြောင့် ဝတ်မိုးဝတ်မြေမှ အဖို့အစု အခွန်ဘဏ္ဍာများကို တောင်းခံမှုလွယ်ကူစေရန် 'ဝတ်စားသံဃာတော်များ' ဟူ၍ သီးသန့်ခွဲခြား ခန့်ထားတော်မူခဲ့သည်။

ဝတ္တုကံသိမ်းရဟန်းကား အခွန်ဘဏ္ဍာကို ကောက်ခံသိမ်းဆည်းရသည်။ သာသနာစိုးရဟန်းကား တရားနှင့်အညီ ကျင့်ဆောင်ကြဲရန် ဆုံးမရသည်။ ဝတ်စားများကား အဖို့အစု ဝေဖန်ခံစားကြရသည်ကို ဆိုလိုသည်။

ဤသို့ ဝတ္တုကံ၊ ဝတ်မိုးမြေ အခွန်ဘဏ္ဍာကို ကောက်ခံထိန်းသိမ်းရသော ရဟန်းများကို 'သံဃရာဇာ သဃ်ဇာ' ဟု ခေါ်ခဲ့ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK
ပင်းယခေတ် ငါးစီးရှင်ကျော်စွာမင်းလက်ထက် လက်ဒုဂ္ဂချန်ပီယံ ဖြစ်ခဲ့သော အောင်စည်းခုံ ပွဲကျောင်းရဟန်းကြီးသည်လည်း 'သံဃရာဇာ' အမည်တွင်ခဲ့သော ရဟန်းပင် ဖြစ်သည်။

'သာသနာပိုင် သံဃရာဇာ' ဟူသည်ကား ဘုရင်ကိုယ်တိုင် ကိုးကွယ် ခန့်ထား မြှောက်စားထားသော စာတတ်အကျော် ဆရာတော်မျိုး ဖြစ်သည်။

ညောင်ရမ်းခေတ် (ဒုတိယအင်းဝခေတ်) ခေတ် အနောက်ဘက် လွန်မင်း (ကောဇာသက္ကရာဇ် ၉၆၇-၉၉၀ ခုနှစ်၊ အေဒီ ၁၆၀၅-၁၆၂၈ ခုနှစ်) သည် တူးရွှင်းတောင်မှ မဟာရာမမထေရ်ကို ပင့်၍ ၄ ထပ်ကျောင်း ကို လှူပြီး 'မဟာသံဃနာထ' ဘွဲ့တံဆိပ်ကို လှူဒါန်းကိုးကွယ်ခဲ့သည်။ သာသနာပိုင် ခန့်ထားမှုသဘောပင် ဖြစ်သည်။

သာလွန်မင်းတရား (ကောဇာသက္ကရာဇ် ၉၉၀-၁၀၁၀ ခုနှစ်၊ အေဒီ ၁၆၂၈-၁၆၄၈ ခုနှစ်) ကမူ 'ဂန္ထန္တရဗဟုသုတ လွန်ကဲသည်။' ဟု ကျော် ကြားသော တောင်ဖီလာဆရာတော်နှင့် 'သဒ္ဒါအရာ ဓာတ်ပစ္စည်းကို ဝေဖန် ရာ၌ လွန်ကဲသည်။' ဟု ကျော်ကြားသော အရိယာလင်္ကာရမထေရ်တို့ကို ပင့်၍ 'မင်းဆရာ' ပြု၍ ကိုးကွယ်ခဲ့သည်။

သာလွန်မင်းလွန်ပြီးနောက် သားတော်ပင်းတလဲ (ငါးထပ်ဒါယကာ) ခေါ် မင်းရဲရဲကျော်မိတ် (ကောဇာသက္ကရာဇ် ၁၀၁၀-၁၀၂၃ ခုနှစ်၊ အေဒီ ၁၆၄၈-၁၆၆၁ ခုနှစ်) သည် ခမည်းတော်မင်းကြီး စံနေတော်မူခဲ့သော ရာဇမဏိစူဠာစေတီတော်ကြီးပွဲသဘင်စံနန်းကိုဖျက်၍ ကျောင်းဆောက် ပြီးလျှင်၊ တိပိဋကာလင်္ကာရ တောင်ဖီလာဆရာတော်နှင့် ဉာဏ်တူဂုဏ်တူ ဖြစ်သော ပထမ အရိယာလင်္ကာရ ဆရာတော်၏တပည့် တိလောကာ လင်္ကာရ မထေရ်အား ပင့်၍ လှူဒါန်းကိုးကွယ်ခဲ့သည်။

သာသနာရေးလောကတွင် ထင်ရှားလျက်ရှိသော ပျာသအဖွင့် နိရုတ္တိ မဉ္ဇူသာဋီကာကို စီရင်တော်မူခဲ့သော ဒါဌာနာဂရာဇဂုရုမထေရ်အားလည်း စစ်ကိုင်းဘက်တွင် ၄ ထပ် ဘုံသာတုလွတ်ကျောင်းကို ဆောက်လုပ်လှူဒါန်း ပြီး ကိုးကွယ်ခဲ့သည်။

ကောဇာ ၁၀၂၃ ၌ ညီတော် ပြည်မင်းနန်းတက်သောအခါ ဗေဒင် ဟောချက်အရ မူလနန်းတော်မှပြောင်း၍ တောင်နန်း၊ မြောက်နန်း ဆောက်
mgyoe.com

mgyoe.com SAMPLE BOOK

လုပ်စံမြန်းခဲ့သည်။ တစ်ဖန် မြောက်နန်းကိုဖျက်၍ ကျောင်းဆောက်ပြီး ဆရာတော်တစ်ပါးအား လှူဒါန်းခဲ့ရာ၊ 'မြောက်နန်းကျောင်းဆရာတော်' ဟု ထင်ရှားလျက်ရှိသော နန်းကျောင်းမှ သဒ္ဒါကြီးနိဿယ, သင်္ဂြိုဟ်ကျမ်းရိုး, မာတိကာ, ဓာတုကထာနှင့် ပဋ္ဌာန်းအရကောက်များကို ရေးသားတော်မူခဲ့သည်။

ကောဇာ ၁၀၃၅ ၌ ညီတော် ရမည်းသင်းမင်း နန်းတက်သောအခါ နတ်စက်ရောင်ဆရာတော်ကို မင်းဆရာပြု၍ လောက ဓမ္မရာဇဓမ္မကြောင်းများတွင် လျှောက်ထားတိုင်ပင် ဆောင်ရွက်တော်မူခဲ့သည်။

ကောဇာ ၁၀၃၈ တွင် နတ်စက်ရောင်ဆရာတော်၏ စီမံချက်အရ အန္တရာယ်ကင်းရန် ဂူတော်သစ် ပဋ္ဌာန်းဇရပ်တွင် ကဆုန်လပြည့်ကျော် ၈ ရက်နေ့မှစ၍ မြန်မာ ဆရာတော်များဖြင့်၊ နယုန်လဆန်း ၁ ရက်နေ့မှစ၍ မွန်ဆရာတော်များဖြင့် ပဋ္ဌာန်းဟောပွဲ ကျင်းပခဲ့သည်။

ရမည်းသင်းမင်း လွန်ပြီးနောက် သားတော်များ ဖြစ်ကြသော စနေမင်း, တနင်္ဂနွေမင်းနှင့် ဟံသာဝတီရောက်မင်းများလက်ထက်တွင် တံဂိုဏ်း, ရုံဂိုဏ်းကွဲပြားလာသဖြင့် မင်းဆရာအဖြစ် တင်မြှောက်ကိုးကွယ်မှု မထင်ရှားဘဲ ရှိခဲ့သည်။

ကုန်းဘောင်ခေတ်တွင် သာသနာပိုင်မင်းဆရာအဖြစ် တင်မြှောက်ကိုးကွယ်မှု ပို၍ ပီပြင်ထင်ရှားလာသည်။

အလောင်းဘုရား (ကောဇာ သက္ကရာဇ် ၁၁၁၄-၁၁၂၂ ခုနှစ်, အေဒီ ၁၇၅၂-၁၇၆၀) လက်ထက်တွင် ဒီပဲယင်းမြို့နယ်ကျေး ၉ ကျေး အပါအဝင် ဥသျှစ်ကျေးရွာဇာတိ ဖြစ်သော တံ (အတင်) ဂိုဏ်းဝင် ယသ မထေရ်သည် မင်းဆရာဖြစ်လာသည်။ အလောင်းဘုရားက မဟာအတုလယ ဓမ္မရာဇာဂုရုဘွဲ့တံဆိပ် ဆက်ကပ်သဖြင့် 'အတုလယသ' မထေရ်ဟု ထင်ရှားလာခြင်းဖြစ်သည်။ မင်းဆရာ ဖြစ်သော ဆရာတော်သည် သာသနာပိုင်ပင် ဖြစ်သည်။ သာသနာတော်တစ်ရပ်လုံးသည် မင်းဆရာတော်၏ အဆုံးအဖြတ်အောက်တွင် တည်သည်။ အလောင်းဘုရားက ဤနိုင်ငံတော် အတွင်း၌ နေထိုင်သီတင်းသုံးတော် မူကြကုန်သော ရဟန်းသံဃာတော်

mgyoe.com

mgyoe.com SAMPLE BOOK
တို့သည် မင်းဆရာ၏ အလိုအယူသို့ လိုက်၍ ကျင့်ကြံနေထိုင်ကြရမည်'။ ဟု အမိန့်ထုတ်ခဲ့သည်။

သို့ရာတွင် အရုံဂိုဏ်း ဆရာတော်, သံဃာတော်များသည် မင်းဆရာနှင့် မင်းအာဏာသို့ မလိုက်ဘဲ၊ ဝိနည်းဓမ္မကံသို့ လိုက်တော်မူခဲ့ကြသည်။ မောင်းထောင်ရွာ၌ သီတင်းသုံးလျက်ရှိသော မထေရ်ကြီး ၂ ပါးသည် မိမိတို့၏ တပည့်ပရိသတ်များအား 'ရွာဝင်သောအခါ သင်္ကန်းရုံ၍သာ ဝင်ကြရမည်။' ဟု ဆုံးမတော်မူခဲ့သည်။ ထို့ကြောင့် မင်းဆရာ အတုလယဆရာတော်က ထိုဆရာတော် ၂ ပါးကို ခေါ်၍ သဲဒဏ် ပေးခဲ့သည်။ ထိုအခါ မိုးတက်လာပြီး မင်းဆရာကျောင်းနှင့် မင်း၏ နန်းတော်ကို မိုးကြိုးခခဲ့သည်။

**စိန္တကျော်သူ ရေးသားဆက်သွင်းသော ရတု၌ 'မိုးကြိုးပစ်ခြင်းမှာ ယိုးဒယားသို့ စစ်ချီခါနီးတွင် ပြသောနိမိတ်ဖြစ်ကြောင်း' ဖော်ပြထားသည်။**

သက္ကရာဇ် ၁၁၂၂ တွင် ရတနာသိင်္ဃမှ စစ်ကိုင်းသို့ ပြောင်းရွှေ့နန်းစံသော သားတော်ကြီး နောင်တော်ကြီးမင်းလက်ထက်၌ တောင်တွင်းကြီးမြို့ဇာတိ အရှင်ဉာဏမထေရ် မင်းဆရာ ဖြစ်လာသည်။ ထိုမထေရ်သည် တစ်နေ့လျှင် ဂါထာ ၂၅၀၀ - ၁၀ ဘာဏဝါရ နှုတ်ငုံရအောင် ကျက်မှတ်နိုင်သည်။ ဟု ဆိုသည်။ နက်နဲသော ဉာဏ်ပညာ ရှိသည်။ ဉာဏလင်္ကာရမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။ ပဋ္ဌာန်းပျို့ဘာဝကပင် ဝီထိလက်ရိုးကျမ်းနှင့် ပုဒ်စစ်, သဒ္ဒါစစ်, သံဝဏ္ဏနာ နည်း ၄၀ စသော ကျမ်းများကို စီရင်တော်မူခဲ့သည်။ ထိုဆရာတော်ကား 'မကာရလောပခင်ကြီးဖျော်' ပင် ဖြစ်သည်။ သာသနာဆိုင်ရာ လောကီဆိုင်ရာကျမ်းများစွာကို ရေးသားတော်မူခဲ့သည်။ အရုံဂိုဏ်းဝင် ဆရာတော်ပင် ဖြစ်သည်။

နောင်တော်ကြီး ၃နှစ် နန်းစံတော်မူပြီးနောက်၊ ရတနာသိင်္ဃ၌ ၂ နှစ်နန်းစံပြီး အင်းဝသို့ ပြောင်းရွှေ့နန်းစံခဲ့သော ညီတော် ဆင်ဖြူရှင်မင်း (ကောဇာသက္ကရာဇ် ၁၁၂၅ - ၁၁၃၈၊ အေဒီ ၁၇၆၃, ၁၇၇၆) လက်ထက်၌ စရစ်ရွာ၌ သီတင်းသုံးတော်မူသော စန္ဒာဝရမထေရ်သည် ဇမ္ဗူဒီပ အနန္တဓဇ မဟာရာဇဂုရု ဘွဲ့တံဆိပ်ကို ခံယူတော်မူပြီး၊ မင်းဆရာ ဖြစ်လာသည်။

mgyoe.com SAMPLE BOOK

အင်းဝတွင် နန်းစံသော ဆင်ဖြူရှင်၏ သားတော် စဉ့်ကူးမင်း (ကောဇာသက္ကရာဇ် ၁၁၃၈-၁၁၄၃ ခုနှစ်) လက်ထက်တွင်မူ မန်လည် ဆရာတော်ဘုရားက 'ဂုဏာမုနိန္ဒာဘိသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူပြီး၊ မင်းဆရာ ဖြစ်လာသည်။

သက္ကရာဇ် ၁၁၄၃ တွင် အင်းဝ၌ နန်းစံသော နောင်တော်ကြီးမင်း ဆင်ဖြူရှင်မင်းတို့၏ညီတော် စစ်ကိုင်းမင်းလက်ထက်၌ မောင်းထောင်ရွာနေ ၇ ဝါမျှ ရှိသေးသော ပဋ္ဌင်းပျို့ ဉာဏမထေရ်သည် ဉာဏာဘိသာသနဓဇ မဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ကို ခံယူပြီး၊ မင်းဆရာ ဖြစ်လာသည်။ စစ်ကိုင်းမင်း တောင်းပန်ချက်အရ 'ရာဇာဘိသေက' ကျမ်းကို အနက်မြန်မာ ပြန်ဆိုပေးခဲ့သည်။

သက္ကရာဇ် ၁၁၄၃ တွင် အင်းဝ၌ နန်းတက်၍၊ သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် အမရပူရမြို့တည် နန်းတည်ပြီးနောက် ပြောင်းရွှေ့နန်းစံသော ဘိုးတော် ပဒုံမင်း (ကောဇာသက္ကရာဇ် ၁၁၄၃-၁၁၈၁၊ အေဒီ ၁၇၈၁-၁၈၁၉) လက်ထက်၌ မင်းအို၊ မန်လည်၊ ဆုံထား၊ မင်းရွာ-ဆရာတော်ကြီး ၄ ပါးသည် သံဃရာဇာ သာသနာပိုင် ဖြစ်လာသည်။ ယင်းဆရာတော်များ သက်တော်ကြီး၍ ရွှေတောင်၊ ဗားကရာ၊ ကတိုး၊ မဲဇီး၊ မုံတော၊ ဆင်တဲ၊ မောင်းထောင် ဆရာတော် ၈ ပါးကို အားဖြည့်ပြီး သာသနာပြုဆရာတော် ၁၂ ပါးအဖြစ် ခန့်ထားတော်မူသည်။

ယင်းဆရာတော် ၁၂ ပါးသည် သာသနာရေးရာ ကိစ္စများကို စီရင်ဆုံးဖြတ်တော်မူကြရာ၌ မညီမညွတ်ဖြစ်နေကြသဖြင့်၊ သက္ကရာဇ် ၁၁၅၀ တွင် မောင်းထောင်ဆရာတော် တစ်ပါးတည်းကိုသာ၊ ဉာဏာဘိသာသနဓဇ မဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ် ဆက်ကပ်၍၊ သာသနာပိုင် ခန့်ထားတော်မူခဲ့သည်။

သာသနာပိုင် မောင်းထောင်ဆရာတော်သည် ၅ ဝါ၊ ၆ ဝါအရတွင် 'ပေဋကာလင်္ကာရ'ခေါ် နေတ္တိဋီကာသစ်ကို လည်းကောင်း၊ ၈ ဝါအရ သာသနာပိုင်ဖြစ်ပြီးနောက် 'သာရတ္ထဒီပနီဝိလာသိနီ' ခေါ် သီလက္ခန္ဓဋီကာသစ်၊ အဝတ်အရုံကိုဖော်ပြသော အရိယာဝံသာလင်္ကာရ၊ ဇာတ်အဋ္ဌကထာ

mgyoe.com